# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၅)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၃-၁-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်း ပြည်ပရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးခြင်းကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးအသီးသီးက ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းမဲပေးပြီးသည့် ကြိုတင်ဆန္ဒမဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲစာအိတ်များကို ဖွင့်ဖောက်၍ ပွင့်လင်းမြင်သာစွာရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၇) နှင့် ပုံစံ(၁၇-၁)တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပါသည်။

စာမျက်နှာ ၄ သို့ ☆

## ပုဂံဒေသ၏ နေဝင်ဆည်းဆာကြည့် တောင်ကုန်းများတွင် ကြည့်ရှုသူများပြား

**ညောင်ဦး ဇန်နဝါရီ ၂**

နှစ်သစ်ကူးရုံးပိတ်ရက် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သမိုင်းဝင်ဘုရား၊ ပုထိုးများ၊ သမိုင်းဝင်သာသနိက အဆောက်အအုံများတွင် လာရောက်လေ့လာသူ၊ ဘုရားဖူးသူများပြားနေကြောင်းနှင့် ပုဂံနေဝင်ချိန်တွင် နေဝင်ဆည်းဆာကြည့်ရှုရန် ပြုလုပ်ထားသည့် နေဝင်ဆည်းဆာကြည့် တောင်ကုန်းများပေါ်တွင် လာရောက်သူများပြားလျက်ရှိကြောင်း ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တာဝန်ရှိသူများထံက သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်သူများအနေဖြင့် ချမ်းအေးသည့် ဆောင်းရာသီကို ခံစားရင်း စေတီပုထိုးများကြား မြင်းလှည်းငှားစီးသည့် ဘုရားဖူးဧည့်သည်များ၊ မီနီအိုးဝေ၊ အီးဗိုက်တို့ဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများကို လေ့လာရင်း ပုဂံဒေသ၏ နေဝင်ဆည်းဆာ ကြည့်ရှုကြရန် စောင့်ဆိုင်းရင်း ဘုရားဖူးလာရောက်ကြကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက် ဘုရားဖူး လာရောက်သည့် ဒေါ်မိုးမိုးက ပြောသည်။

ပုဂံနေဝင်ဆည်းဆာကြည့်ရှုရန် ညအိပ်လာခဲ့ကြောင်း ပုဂံ-ညောင်ဦးရှိ ဟိုတယ်၊ မိုတယ်၊

စာမျက်နှာ ၃ သို့ ➤



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၃ ရက် ၊ စနေနေ့ ။
မန္တလေး

## အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ကြုံတွေ့ခဲ့သည့် သဘာဝဘေးဖြစ်စဉ်များအပေါ် သုံးသပ်ပြီး သဘာဝဘေးမဖြစ်ပေါ်မီ ဘေးကျရောက်နိုင်သည့် ဒေသများတွင် ကြိုတင်ပြင်ဆင် ဇာတ်တိုက်ခြင်းများ၊ ဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်အချက်များ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ထားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ သဘာဝဘေးဖြစ်ပေါ်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရေတို၊ ရေရှည်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်အစီအမံများ ဆောင်ရွက်ထားရန်နှင့် ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများတွင် လိုအပ်သောအသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်ပေးကြရန်၊ ဆောင်ရွက်သည့်နေရာတွင် ထိခိုက်ပျက်စီးမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်သတ်မှတ်ပြီး တစ်ဆင့်ချင်းစီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးအန္တရာယ်မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကူညီကယ်ဆယ်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကော်မတီဝင်သက်ဆိုင်ရာဌာနများက တာဝန်သိစိတ်ဖြင့် တာဝန်ယူဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၆) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၅)သို့နှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးသိန်းလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးငလျင်ကြီးတွင် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးလက်လမ်းများ၊ ကျေးလက်ကုန်ထုတ်လမ်းတံတားများ၊ ရွာတွင်းလမ်းများ၊ မီးလင်းရေးနှင့် ရေပေးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ အရေးပေါ်ကာလတွင် သောက်သုံးရေဖြန့်ဝေပေးမှုနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများရှိ ဝန်ထမ်းအိမ်ရာများတွင် စက်ရေတွင်း တူးဖော်ပေးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကျေးလက်အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ထောက်ပံ့လှူဒါန်းမှုများ၊ ပြန်လည်ထူထောင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုး၊ သွင်းအားစုနှင့် အရင်းအနှီးထောက်ပံ့ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မိသားစုဝင်ငွေတိုးရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းချပေးမည်




နေပြည်တော် ဇန်နဝါရီ ၂

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **"(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်"** ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ(၄) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက် (တနင်္ဂနွေနေ့) နံနက်(၉)နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၆ ခုနှစ်၊ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)၌ ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများပြုလုပ်

**သာစည် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထက်လယ်မှုအဆင့် ကဗျာရွတ်၊ စာစီစာကုံးနှင့် ကဗျာရေးစပ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

ဦးစွာ နံနက်ပိုင်း၌ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲကို ပြုလုပ်ရာ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားမှ ကျောင်းသား၊ ကျောင်းသူများက လွတ်လပ်ရေးနှင့်ပတ်သက်သော ကဗျာများဖြင့် ယှဉ်ပြိုင် ကြသည်။ မွန်းလွဲပိုင်းတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်ပြိုင်ပွဲများကို ပြုလုပ်ရာ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများနှင့် အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားတို့မှ ကျောင်းသား၊ သူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲများအား ဆုရရှိသူများကို မြို့နယ်၌ ကျင်းပပြုလုပ်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၇)

## မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများအား ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများအား ကွင်းဆင်း ဆောင်ရွက်သည်။



မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အောင်မြူးမာန် ဦးဆောင်သောအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူးဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က လာရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။

(ဝဲပုံ)

(၀၅၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိန့်ရှိန့်၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါ ဇီယာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၁)(ဘီ) မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးရှိဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ယနေ့သွားရောက်လက်မှတ်ရေးထိုးသည်။

### လက်မှတ်ရေးထိုး

ဦးစွာပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းမိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ ပြည်သူနှင့် မစ္စ ဘေဂမ်ခါလီဒါဇီယာ၏ မိသားစုဝင်များကို စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာသည် ၂၀၀၃ ခုနှစ် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သူဖြစ်ပြီး သူကွယ်လွန်ချိန်တွင် အသက် ၈၀ ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပျဉ်းမနားမြို့ နယ်မြေ(၁၆) ရန်အောင်(၂)ရပ်ကွက်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် တပေါင်းကွင်း ယာယီကယ်ဆယ်ရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော မီးဘေးသင့်ပြည်သူများအား ယနေ့ သွားရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မီးဘေးသင့် အိမ်ထောင်စု ၆၀ မှ ပြည်သူ ၃၀၈ ဦးအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ဆန်၊ ဆီ၊ စောင်၊ အိပ်ရာခင်းဖျာ၊ ပုဝါ၊ ကုလားပဲ၊ မုန့်နှင့် အချိုရည် စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး မီးဘေးသင့်ပြည်သူများအား နွေးထွေးစွာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၈) ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

တောင်သာ ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သာမြို့ အမှတ်(၄) ရပ်ကွက် အမှတ်(၈) ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရ၊ အဖွဲ့ဝင် ဗိုလ်မှူးဖေယျာကျော်စွာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇာလင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ငွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချမ်းငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အမှတ်(၈) ကွန်ကရစ်လမ်းအရှည် ပေ ၂၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မအထူ လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

➤ ရှေ့ဖုံးမှ

တည်းခိုသူများတွင် ပြည်တွင်းဘုရားဖူးများဖြင့် ပြည့်နေပြီဖြစ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နေဝင်ဆည်းဆာကြည့်ရှုကြရန် နေဝင်ဆည်းဆာကြည့် တောင်ကုန်းတုတွင် ခရီးသွားများ များပြားလျက်ရှိကြောင်း၊ ဘုရား၊ ပုထိုး၊ စေတီများကြားမှ နေလုံးကြီး တဖြည်းဖြည်းဆင်းလာပြီး တန့်ကြည်တောင်တန်းပေါ်နေလုံးကြီးရောက်ရှိချိန် အခိုက်အတန့်သည် မည်သည့်အရပ်ဒေသနှင့်မျှ နှိုင်းယှဉ်လို့မရအောင် လှပလွန်းပြီး ပန်းချီကားချပ်ကြည့်နေရသည့် ခံစားမှုမျိုးရရှိစေကြောင်း နေဝင်ဆည်းဆာကြည့်ရှုရန် စောင့်ဆိုင်းနေသည့် မန္တလေးမြို့မှလာရောက်သည့် ဦးမောင်ဝင်းက ပြောသည်။

ပုဂံနေဝင်ဆည်းဆာကြည့်ရှုရန် မြေသားကုန်းမြင့်များ ပြုလုပ်ပေးထားပြီး စူဠာမဏိဘုရားအနီးတွင် သှောင်လက်ဖက်ကုန်းမြင့်၊ တောင်ဘက်ရေကန်ထိပ်တွင် ကိုမောက် ကြီးကုန်းမြင့်၊ မင်းနန်းသူကျေးရွာ ရေကန်ထိပ်တွင် နေဝင်ဆည်းဆာကြည့် ကုန်းမြင့်များမှ နေဝင် ဆည်းဆာကြည့်ရှုလျက်ရှိပြီး ခတ်ပုံ၊ ဗီဒီယိုရိုက်ကူးကြကြောင်း ပြည်တွင်းဧည့်လမ်းညွှန် ဦးထွန်းကိုက ပြောသည်။

(၄၈၁)

☆ ရှေ့ဖုံးမှ

၃။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က) နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဖြစ်သည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ ဌာနအကြီးအမှူးများက စီစဉ်ပေးသည့်နေရာတွင်လည်းကောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယင်းတို့ရောက်ရှိရာဒေသ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်အတွင်း စနစ်တကျ ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ရွေးကောက်ပွဲမကျင်းပမီ ၂ ရက်အလို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေ ၄ နာရီမတိုင်မီရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ဖွင့်ဖောက်၍ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ကိုယ်တိုင်မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် အချုပ်ခံနေရသူ၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသူများနှင့် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်ကာ ယာယီတာဝန် သွားရောက်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကော်မရှင်ကသတ်မှတ်သည့် ၁၈-၁၂-၂၀၂၅ ရက်နေ့မှ ၂၇-၁၂-၂၀၂၅ ရက်နေ့အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများသို့လည်း ဆက်လက်အသိပေးအကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၃ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းအား စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် မဲပုံးများကို ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ (၁၃-က) များနှင့်အတူ ရွေးကောက်ပွဲကျင်းပသည့်နေ့ ၂၈-၁၂-၂၀၂၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူးများထံသို့ နည်းဥပဒေ ၆၃ (စ) နှင့်အညီ စနစ်တကျအပ်နှံခဲ့ကြပါသည်။ မဲရုံပိတ်ချိန်တွင် မဲရုံမှူးက မဲဆန္ဒရှင်များ မဲပေးစက်ဖြင့် ဆန္ဒမဲပေးထားသည့် ဆန္ဒမဲရလဒ်စာရင်းကို မဲပေးစက်မှ ထုတ်ယူပြီးနောက် ကြိုတင်ဆန္ဒမဲများကို ရေတွက်ခဲ့ပါသည်။ ထို့နောက် မဲရုံမှူးသည် မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲအရေအတွက်နှင့် ကြိုတင်ဆန္ဒမဲစာရင်းများကိုစုစည်း၍ ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့တွင် ရေးသွင်းပြီး ဆန္ဒမဲရလဒ်စာရင်းများကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။

၅။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} ပါ ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများနှင့် မဲရုံအသီးသီးကရရှိသည့်ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့ကိုစုစည်း၍ မြို့နယ်ဆန္ဒမဲရလဒ်စာရင်း ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) တို့တွင် စနစ်တကျ ရေးသွင်းခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇) နှင့် ပုံစံ (၁၇-၁) ပါ ကြိုတင်ဆန္ဒမဲစာရင်းနှင့် မြို့နယ်အသီးသီးက ပေးပို့လာသည့် ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) ပါ ဆန္ဒမဲစာရင်းများကို စုစည်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲစာရင်းများကို ပုံစံ (၁၉) နှင့် ပုံစံ (၁၉-၁) တို့တွင် ရေးသွင်းခဲ့ပါသည်။ အဆိုပါဆန္ဒမဲစာရင်းပုံစံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစိစစ်ပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် မဲရုံမှူးများသည် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်းနှင့် ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ကြပြီး ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးကွမ်ဆန်း | ၁/မစန(နိုင်)၀၁၂၄၂၅ | မံစီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်ဝင်း | ၁/ရကန(နိုင်)၀၀၆၆၄၃ | ရွှေကူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးဝေလင်းထွန်း | ၅/မကန(နိုင်)၀၄၆၆၆၈ | မင်းကင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးစိုးပိုင် | ၅/ဝသန(နိုင်)၀၄၀၈၁၁ | ဝန်းသို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမြင့်စိုးဆင့် | ၅/မလန(နိုင်)၀၃၀၃၂၆ | မော်လိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးညဏ်ထွန်း | ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ | ကနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးစောမောင် | ၅/ဆလက(နိုင်)၀၄၀၂၀၁ | ဆားလင်းကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစိုးတင့်အောင် | ၅/ရဥန(နိုင်)၀၀၈၈၅၉ | ရေဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးမင်းနိုင် | ၆/ပလန(နိုင်)၀၄၉၆၄၈ | ရေဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးတင့်လွင် | ၆/ထဝန(နိုင်)၀၆၄၀၅၀ | လောင်းလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၂) | ဒေါ်အိဖြူလွင် | ၈/ဂဂန(နိုင်)၀၆၆၄၁၂ | ဂန့်ဂေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၃) | ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | မက်မန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ရီရီလှိုင် | ၁၃/ဖခန(နိုင်)၀၁၉၁၂၉ | ဖယ်ခုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးစိုင်းထွန်းလင်း | ၁၃/ကခန(နိုင်)၀၀၁၈၁၆ | မိုးနဲ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ တံမြက်စည်းလုပ်ငန်းအတွက် ပံ့ပိုးငွေများပေးအပ်

**ပျဉ်းမနား ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်၊ သနပွင်ဆိပ်ကျေးရွာရှိ MSME လုပ်ငန်းအနေဖြင့် တံမြက်စည်းချော၊ တံမြက်စည်းကြမ်း ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းထံ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရာတွင် အထောက်အကူဖြစ်စေရန်အတွက် သမဝါယမအသင်း အချင်းချင်း ပံ့ပိုးငွေကျပ် ၃၀၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ထောက်ပံ့ဆောင်ရွက်ပေးသော ပံ့ပိုးငွေဖြင့် လုပ်ငန်းများ ပိုမိုတိုးချဲ့ပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် ဆုံးရှုံးမှုမရှိစေရေးအတွက် အသင်းတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကိုယ်စားလှယ် အမှတ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| ဦးအမ်ဖော်လတ် | ၁၃/ကတန(နိုင်)၀၈၇၃၅၆ | အမှတ် ( ၁ ) | “ဝ” အမျိုးသားပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| (၁) ဦးအောင်နိုင် | ၁/ရကန(နိုင်)၀၀၄၃၀၅ | ရွှေကူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၂) ဦးထိန်မင်း | ၅/ဝသန(နိုင်)၀၁၄၅၇၀ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) ဦးခင်မောင်လွင် | ၅/တမန(နိုင်)၀၀၃၆၂၁ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) ဦးအောင်မင်းကျော်သူ | ၅/ဘတလ(နိုင်)၀၅၄၈၁၆ | ဘုတလင်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) ဒေါ်စန္ဒာသိန်း | ၅/မလန(နိုင်)၀၀၀၅၁၄ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) ဦးထွန်းလွင် | ၅/ကနန(နိုင်)၀၄၉၂၄၀ | ကနီမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) ဦးအောင်ဇော်ဦး | ၅/ဆလက(နိုင်)၀၄၅၁၇၀ | ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) ဦးရဲမိုးနိုင် | ၅/ရဥန(နိုင်)၀၇၅၉၈၁ | ရေဦးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | |
| ( ၉ ) ဦးခင်မောင်မြင့် | ၆/သရခ(နိုင်)၀၁၀၂၉၉ | ရေဖြူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဦးအောင်မျိုးထွန်း | ၆/ထဝန(နိုင်)၀၉၅၂၄၉ | သရက်ချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | |
| (၁၁) ဦးဇော်ထွန်းဦး | ၈/ဂဂန(နိုင်)၀၉၉၆၁၈ | ဂန့်ဂေါမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | |
| (၁၂) ဦးမြင့်ဝင်း | ၁၃/နမတ(နိုင်)၀၀၃၂၈၉ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဦးကိန်မိုင် | ၁၃/မဆတ(နိုင်)၀၂၁၇၁၆ | ကချင်တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဦးထွန်းအောင် | ၁၃/ကတန(နိုင်)၀၆၃၁၃၅ | အာခါတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | အာခါအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၁၅) ဒေါ်အေးချိုစိန် | ၁၃/ဖခန(နိုင်)၀၀၀၀၁၅ | ကယန်း(ခ)ပဒေါင် တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ပြည်ထောင်စုနယ်မြေ** | | | |
| ( ၁ ) ဦးခင်ရီ | ၁၃/ဖခန(နိုင်)၀၂၉၃၀၄ | ဇေယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) ဦးလှဆွေ | ၈/ဂဂန(နိုင်)၀၈၅၉၉၆ | ပုဗ္ဗသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၃ ) ဦးမောင်မြင့် | ၇/ရတရ(နိုင်)၀၇၉၇၈၄ | ဇမ္ဗူသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) ဦးခင်မောင်ဌေး | ၉/ပမန(နိုင်)၀၁၃၉၈၂ | ပျဉ်းမနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

| | | | |
|---|---|---|---|
| ( ၅ ) ဦးမြတ်ဟိန်း | ၁၂/မဂဒ(နိုင်)၀၁၇၄၅၅ | ဒဂုံဗဟာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) ဦးဝင်းငွေ | ၉/စကတ(နိုင်)၀၀၁၀၇၈ | လယ်ဝေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) ဦးမောင်မောင်အုန်း | ၈/ပခက(နိုင်)၁၆၇၆၈၀ | တပ်ကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) ဦးတင်အောင်စန်း | ၁၂/လမန(နိုင်)၀၈၉၄၈၉ | ဥတ္တရသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်** | | | |
| ( ၉ ) ဦးမြင့်ကို | ၁/တနန(နိုင်)၀၀၀၈၀၆ | တနိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဦးဆင်ဆုန်း | ၁/ပတအ(နိုင်)၀၀၈၉၈၅ | ခေါင်လန်ဖူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) ဦးရားနီ | ၁/ပတအ(နိုင်)၀၀၅၀၆၃ | ပူတာအို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဦးစိုးဝင်း | ၁/မညန(နိုင်)၀၀၀၁၇၀ | မိုးညှင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဦးညွန့်ဝင်း | ၁/မကန(နိုင်)၀၃၇၅၂၂ | မြစ်ကြီးနား | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | |
| (၁၄) ဦးအေးမောင် | ၂/ဘလခ(နိုင်)၀၀၀၄၁၆ | ဘောလခဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) ဦးမောင်ရွှေ | ၂/လကန(နိုင်)၀၁၁၄၈၈ | လွိုင်ကော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | |
| (၁၆) ဦးသက်နိုင်ဦး | ၃/လဘန(နိုင်)၀၀၀၇၅၃ | ဘားအံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) ဦးခင်မောင်ချင်း | ၁၂/ဥကမ(နိုင်)၂၀၉၀၁၃ | မြဝတီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) ဦးစောဟေသားကြီး | ၃/သတန(နိုင်)၀၀၁၆၂၉ | သံတောင်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်** | | | |
| (၁၉) ဦးဆလိုင်းအောင်ပြည့် | ၁၃/တကန(နိုင်)၁၄၀၉၈၃ | တီးတိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးဗန်နီ | ၄/ထတလ(နိုင်)၀၀၀၁၄၈ | ဟားခါး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | |
| (၂၁) ဦးစိုးလှ | ၁၀/ကထန(နိုင်)၀၀၇၀၉၂ | ကျိုက်ထို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဦးမျိုးမြင့် | ၁၂/ပဘတ(နိုင်)၀၁၂၈၈၄ | ကျိုက်မရော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) ဦးစိုးသူ | ၁၀/ကမရ(နိုင်)၁၃၁၃၇၅ | ချောင်းဆုံ | မွန်ညီညွတ်ရေးပါတီ |
| (၂၄) ဒေါ်ဥမ္မာငွေ | ၁၀/မလမ(နိုင်)၀၀၁၁၇၇ | မော်လမြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) ဦးကျော်မြင့် | ၁၀/သထန(နိုင်)၀၂၁၈၆၆ | သထုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)
# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စုနယ်မြေ | | | | | | |
| ၁ | ဇေယျာသီရိမြို့နယ် | | | ၅၈၇၄၆ | ၉၉၃၅ | ၆၈၆၈၁ | |
| | | ဦးခင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈၄ | ၉၄၂၂ | ၄၉၀၀၆ | ၇၁.၃၅% |
| | | ဒေါ်ခင်မျိုးနွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၃ | ၁၄၄ | ၄၈၈၇ | ၇.၁၂% |
| | | ဦးကျော်ရဲနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၆ | ၁၃၉ | ၄၈၈၅ | ၇.၁၁% |
| | | ဦးပိုင်ပိုင် | ပြည်သူ့ပါတီ | ၃၇၄၄ | ၇၉ | ၃၈၂၃ | ၅.၅၇% |
| | | ဦးဇော်မျိုးခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၈၆ | ၁၁၂ | ၃၂၉၈ | ၄.၈၀% |
| | | ဒေါ်အေးသန္တာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၄၃ | ၃၉ | ၂၇၈၂ | ၄.၀၅% |
| ၂ | ပုဗ္ဗသီရိမြို့နယ် | | | ၆၄၇၉၇ | ၁၁၃၈၁ | ၇၆၁၇၈ | |
| | | ဦးလှဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၂၇၅ | ၉၄၇၁ | ၄၄၇၄၆ | ၅၈.၇၄% |
| | | ဦးဇင်ဝိုင်း | ပြည်သူ့ပါတီ | ၇၅၈၂ | ၃၄၉ | ၇၉၃၁ | ၁၀.၄၁% |
| | | ဦးစိုင်းမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၂ | ၅၄၄ | ၆၉၁၆ | ၉.၀၈% |
| | | ဦးသန်းမြတ်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၃၉ | ၃၉၅ | ၅၆၃၄ | ၇.၄၀% |
| | | ဒေါက်တာခင်စန္ဒီမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၇၈ | ၂၆၇ | ၄၃၄၅ | ၅.၇၀% |
| | | ဒေါ်ဆုမြတ်စန္ဒာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၂၉ | ၂၂၄ | ၃၆၅၃ | ၄.၇၉% |
| | | ဦးမောင်မောင်လှိုင် | တစ်သီးပုဂ္ဂလ | ၂၈၂၂ | ၁၃၁ | ၂၉၅၃ | ၃.၈၈% |
| ၃ | ဇမ္ဗူသီရိမြို့နယ် | | | ၄၂၃၇၇ | ၇၄၀၄ | ၄၉၇၈၁ | |
| | | ဦးမောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၆၁၇ | ၅၂၅၀ | ၂၈၈၆၇ | ၅၇.၉၉% |
| | | ဒေါက်တာအောင်မျိုး | တစ်သီးပုဂ္ဂလ | ၅၁၉၉ | ၈၁၂ | ၆၀၁၁ | ၁၂.၀၇% |
| | | ဒေါ်ရီရီဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၉၂ | ၃၈၀ | ၃၃၇၃ | ၆.၇၈% |
| | | ဦးကိုငယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၉၂ | ၂၅၆ | ၃၂၄၈ | ၆.၅၂% |
| | | ဦးဇော်မှိုင်း | ပြည်သူ့ပါတီ | ၂၅၀၈ | ၁၇၇ | ၂၆၈၅ | ၅.၃၉% |
| | | ဦးသောင်းထိုက် | တစ်သီးပုဂ္ဂလ | ၂၀၉၇ | ၁၉၃ | ၂၂၉၀ | ၄.၆၀% |
| | | ဒေါ်အိသန္တာချို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၈၉ | ၁၈၂ | ၁၇၇၁ | ၃.၅၆% |
| | | ဦးဇော်လွင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၈၃ | ၁၅၃ | ၁၅၃၆ | ၃.၀၉% |

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ပျဉ်းမနားမြို့နယ် | | | ၇၁၅၁၇ | ၈၃၀၁ | ၇၉၈၁၈ | |
| | | ဦးခင်မောင်ငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၈၁၇ | ၅၈၅၄ | ၃၇၆၇၁ | ၄၇.၂၀% |
| | | ဒေါ်သီသီနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၄၅ | ၆၀၁ | ၉၂၄၆ | ၁၁.၅၈% |
| | | ဦးဝင်းငွေဦး | ပြည်သူ့ပါတီ | ၈၃၇၉ | ၄၇၉ | ၈၈၅၈ | ၁၁.၁၀% |
| | | ဦးအောင်သီဟဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၄၄ | ၄၇၉ | ၈၅၂၃ | ၁၀.၆၈% |
| | | ဦးသိန်းစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၅၆ | ၃၂၇ | ၅၈၈၃ | ၇.၃၇% |
| | | ဦးလင်းလင်းမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၈၆ | ၂၅၄ | ၅၀၄၀ | ၆.၃၁% |
| | | ဦးမြင့်ဇော် | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၂၉၀ | ၃၀၇ | ၄၅၉၇ | ၅.၇၅% |
| ၅ | ဒက္ခိဏသီရိမြို့နယ် | | | ၁၈၅၂၆ | ၃၂၈၇ | ၂၁၈၁၃ | |
| | | ဦးမြတ်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၁၀ | ၂၈၁၁ | ၁၂၈၂၁ | ၅၈.၇၈% |
| | | ဦးဟိန်းလပြည့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၉၆ | ၁၈၈၇ | ၈.၆၅% |
| | | ဒေါ်အိအိစိုး | တစ်သီးပုဂ္ဂလ | ၁၇၂၃ | ၉၂ | ၁၈၁၅ | ၈.၃၂% |
| | | ဦးသိန်းထွန်းအောင် | ပြည်သူ့ပါတီ | ၁၄၅၅ | ၅၈ | ၁၅၁၃ | ၆.၉၃% |
| | | ဒေါ်ဝင်းမြတ်မွန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၉၉ | ၉၄ | ၁၃၉၃ | ၆.၃၉% |
| | | ဦးသူရ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၆၃ | ၇၉ | ၁၂၄၂ | ၅.၆၉% |
| | | ဦးဇော်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၅ | ၅၇ | ၁၁၄၂ | ၅.၂၄% |
| ၆ | လယ်ဝေးမြို့နယ် | | | ၁၂၀၁၈၇ | ၁၃၄၀၄ | ၁၃၃၅၉၁ | |
| | | ဦးဝင်းငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃၄ | ၉၂၈၉ | ၅၇၃၂၃ | ၄၂.၉၁% |
| | | ဦးမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၇၈၅ | ၁၄၂၀ | ၂၅၂၀၅ | ၁၈.၈၆% |
| | | ဒေါ်ဖြိုးဖြိုးသွယ် | ပြည်သူ့ပါတီ | ၁၂၂၁၃ | ၆၂၇ | ၁၂၈၄၀ | ၉.၆၁% |
| | | ဦးမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၅၅၇ | ၇၄၃ | ၁၁၃၀၀ | ၈.၄၆% |
| | | ဦးစိန်ဝင်း | တစ်သီးပုဂ္ဂလ | ၁၀၃၅၃ | ၅၀၂ | ၁၀၈၅၅ | ၈.၁၃% |
| | | ဦးဇင်မင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀၀၂ | ၅၃၆ | ၉၅၃၈ | ၇.၁၄% |
| | | ဦးထွန်းမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၄၃ | ၂၈၇ | ၆၅၃၀ | ၄.၈၉% |
| ၇ | တပ်ကုန်းမြို့နယ် | | | ၉၆၇၀၈ | ၁၃၃၂၃ | ၁၁၀၀၃၁ | |
| | | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၈၃၂ | ၁၀၆၅၉ | ၅၇၄၉၁ | ၅၂.၂၅% |
| | | ဒေါ်တင်တင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၃၄ | ၉၃၆ | ၁၆၀၇၀ | ၁၄.၆၀% |
| | | ဦးနေမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၅၉ | ၆၂၁ | ၁၀၅၈၀ | ၉.၆၂% |
| | | ဦးကျော်ဝေဖြိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၆၀ | ၅၄၇ | ၁၀၁၀၇ | ၉.၁၉% |
| | | ဦးမင်းခင်ယုမောင် | ပြည်သူ့ပါတီ | ၉၇၃၆ | ၃၅၇ | ၁၀၀၉၃ | ၉.၁၇% |
| | | ဒေါ်ခင်ကျော့ကျော့ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၈၇ | ၂၀၃ | ၅၆၉၀ | ၅.၁၇% |
| ၈ | ဥတ္တရသီရိမြို့နယ် | | | ၃၀၆၆၆ | ၉၈၇၉ | ၄၀၅၄၅ | |
| | | ဦးတင်အောင်စန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၃၉ | ၈၂၃၁ | ၂၄၇၇၀ | ၆၁.၀၉% |
| | | ဦးသီဟဇော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၉၁ | ၄၈၈ | ၅၁၇၉ | ၁၂.၇၇% |
| | | ဒေါ်နှင်းသီတာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၇ | ၅၀၁ | ၃၄၃၈ | ၈.၄၈% |
| | | ဒေါ်ကြည်ကြည်ငွေ | ပြည်သူ့ပါတီ | ၂၈၀၃ | ၂၅၉ | ၃၀၆၂ | ၇.၅၅% |
| | | ဒေါ်မျိုးသီတာသိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၇၁ | ၂၄၆ | ၂၈၁၇ | ၆.၉၅% |
| | | ဦးနန်းဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၂၅ | ၁၅၄ | ၁၂၇၉ | ၃.၁၆% |
| | ကချင်ပြည်နယ် | | | | | | |
| ၉ | တနိုင်းမြို့နယ် | | | ၁၂၂၃၀ | ၂၈၄၃ | ၁၅၀၇၃ | |
| | | ဦးမြင့်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၉၅ | ၂၅၂၂ | ၇၆၁၇ | ၅၀.၅၃% |
| | | ဦးငါးဆာဆဲ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၂၂ | ၅၀ | ၂၅၇၂ | ၁၇.၀၆% |
| | | ဦးပွင့်ဦး | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၀၆၆ | ၁၃၂ | ၂၁၉၈ | ၁၄.၅၈% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၂၀ | ၁၀၃ | ၁၈၂၃ | ၁၂.၁၀% |
| | | ဦးတင်ဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၀ | ၂၀ | ၄၉၀ | ၃.၂၆% |
| | | ဦးမြင့်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၇ | ၁၅ | ၃၇၂ | ၂.၄၇% |
| ၁၀ | ခေါင်လန်ဖူးမြို့နယ် | | | ၄၃၇၅ | ၂၉၄ | ၄၆၆၉ | |
| | | ဦးဆင်ဆုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၄ | ၁၈၈ | ၂၅၀၂ | ၅၃.၅၈% |
| | | ဦးထူပဟူးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၅၄ | ၇၅ | ၁၄၂၉ | ၃၀.၆၁% |
| | | ဦးလယ်မယ်အားရွှေရမ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၁၇ | ၂၅ | ၆၄၂ | ၁၃.၇၅% |
| | | ဦးအောင်ရဲလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀ | ၆ | ၉၆ | ၂.၀၆% |

စာမျက်နှာ ၈ သို့ ■

■ စာမျက်နှာ ၇ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | ပူတာအိုမြို့နယ် | | | ၁၉၉၀၈ | ၂၂၃၆ | ၂၂၁၄၄ | |
| | | ဦးရားနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၇၀၀ | ၁၅၄၂ | ၁၁၂၄၂ | ၅၀.၇၇% |
| | | ဒေါ်အားဒူးဒွေ့ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၃၅၃ | ၁၂၂ | ၃၄၇၅ | ၁၅.၆၉% |
| | | ဦးဒိန်ခန်ဒါဝိ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၉၄၉ | ၂၈၇ | ၃၂၃၆ | ၁၄.၆၁% |
| | | ဦးစဝ်နွဲ့နီခမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၃၀ | ၁၀၃ | ၁၄၃၃ | ၆.၄၇% |
| | | ဒေါ်မို့မို့လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၉၄ | ၉၂ | ၉၈၆ | ၄.၄၅% |
| | | ဦးမီချယ်ဖုန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၁ | ၄၆ | ၈၈၇ | ၄.၀၁% |
| | | ဦးစန်းထွန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၄၁ | ၄၄ | ၈၈၅ | ၄.၀၀% |
| ၁၂ | မိုးညှင်းမြို့နယ် | | | ၃၂၂၀၁ | ၄၄၃၆ | ၃၆၆၃၇ | |
| | | ဦးစိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၂၁ | ၃၃၃၄ | ၁၃၆၅၅ | ၃၇.၂၇% |
| | | ဦးငွေအောင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၀၆၅ | ၆၇၄ | ၁၁၇၃၉ | ၃၂.၀၄% |
| | | ဦးကျော်ကျော်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၄၇ | ၃၀၆ | ၄၉၅၃ | ၁၃.၅၂% |
| | | ဦးလှဒင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၄၀ | ၁၈၉ | ၄၃၂၉ | ၁၁.၈၂% |
| | | ဒေါ်ဖြူမာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၈ | ၁၃၃ | ၁၉၆၁ | ၅.၃၅% |
| ၁၃ | မြစ်ကြီးနားမြို့နယ် | | | ၄၈၈၁၁ | ၆၂၁၉ | ၅၅၀၃၀ | |
| | | ဦးညွန့်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၅၇ | ၅၀၄၈ | ၂၄၆၀၅ | ၄၄.၇၁% |
| | | ဦးမရစ်ကွမ်ဂျာ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၁၀၀ | ၂၁၁ | ၆၃၁၁ | ၁၁.၄၇% |
| | | ဦးကျော်ရာဇာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၃၇ | ၂၆၁ | ၅၆၉၈ | ၁၀.၃၅% |
| | | ဦးတင်အောင်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၁ | ၂၀၁ | ၅၁၀၂ | ၉.၂၇% |
| | | ဦးစိန်ဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၅၁ | ၂၀၈ | ၃၉၅၉ | ၇.၁၉% |
| | | ဦးလန်းဘောမ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၂၁၉ | ၁၀၆ | ၃၃၂၅ | ၆.၀၄% |
| | | ဦးLဇော်ဒန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၃၂ | ၇၅ | ၂၅၀၇ | ၄.၅၆% |
| | | ဒေါ်မြတ်သန္တာငွေ | ပြည်သူ့ပါတီ | ၁၈၆၂ | ၆၃ | ၁၉၂၅ | ၃.၅၀% |
| | | ဒေါ်မာဂရက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၂ | ၄၆ | ၁၅၉၈ | ၂.၉၀% |
| | ကယားပြည်နယ် | | | | | | |
| ၁၄ | ဘောလခဲမြို့နယ် | | | ၄၀၈ | ၁၃၄၃ | ၁၇၅၁ | |
| | | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃ | ၁၂၃၆ | ၁၅၆၉ | ၈၉.၆၁% |
| | | ဦးအောင်သူသိန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၃ | ၆၅ | ၈၈ | ၅.၀၃% |
| | | ဦးမောင်ဆန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆ | ၂၀ | ၅၆ | ၃.၁၉% |
| | | ဒေါ်မာလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆ | ၂၂ | ၃၈ | ၂.၁၇% |
| ၁၅ | လွိုင်ကော်မြို့နယ် | | | ၂၇၇၉၃ | ၄၂၄၈ | ၃၂၀၄၁ | ၁၀၀% |
| | | ဦးမောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၀၈ | ၃၃၈၅ | ၁၄၄၉၃ | ၄၅.၂၃% |
| | | ဦးကျော်ကျော်မိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၂၉၅ | ၄၀၈ | ၈၇၀၃ | ၂၇.၁၆% |
| | | ဦးစောနယ်စေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၂၅ | ၂၂၁ | ၄၇၄၆ | ၁၄.၈၁% |
| | | ဦးဇော်လွင်ငွေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၈၆၅ | ၂၃၄ | ၄၀၉၉ | ၁၂.၈၀% |
| | ကရင်ပြည်နယ် | | | | | | |
| ၁၆ | ဘားအံမြို့နယ် | | | ၈၈၅၉၁ | ၁၀၄၄၂ | ၉၉၀၃၃ | |
| | | ဦးသက်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၂၁ | ၇၄၈၃ | ၃၄၁၀၄ | ၃၄.၄၄% |
| | | စောမျိုးမင်းဟန် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၈၀၃၆ | ၁၁၆၀ | ၂၉၁၉၆ | ၂၉.၄၈% |
| | | နန်းခင်သက်မာဝင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၄၀၃၈ | ၈၇၈ | ၁၄၉၁၆ | ၁၅.၀၆% |
| | | မင်းကျော်စိုး | မွန်တိုးတက်ရေးပါတီ | ၈၁၉၄ | ၃၄၅ | ၈၅၃၉ | ၈.၆၂% |
| | | နန်းအေးအေးသန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၀၆၂ | ၃၄၅ | ၈၄၀၇ | ၈.၄၉% |
| | | ဒေါ်အေးမီသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၄၀ | ၂၃၁ | ၃၈၇၁ | ၃.၉၁% |
| ၁၇ | မြဝတီမြို့နယ် | | | ၁၂၄၄၉ | ၄၉၁၂ | ၁၇၃၆၁ | |
| | | ဦးခင်မောင်ချင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၅၆ | ၂၈၇၃ | ၇၉၂၉ | ၄၅.၆၇% |
| | | စောပြည်နယ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၄၄၈၈ | ၁၅၃၀ | ၆၀၁၈ | ၃၄.၆၆% |
| | | ဦးစံဝင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၇ | ၃၈၆ | ၁၈၂၃ | ၁၀.၅၀% |
| | | ခွန်သိန်းဦး | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၄၆၈ | ၁၂၃ | ၁၅၉၁ | ၉.၁၇% |
| ၁၈ | သံတောင်ကြီးမြို့နယ် | | | ၅၅၂ | ၁၉၆၀ | ၂၅၁၂ | |
| | | ဦးစောဟေသားကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀ | ၁၆၆၁ | ၂၀၀၁ | ၇၉.၆၆% |
| | | စောပီတိုရီးနီ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၀၆ | ၂၈၃ | ၄၈၉ | ၁၉.၄၇% |
| | | ဦးသံစစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆ | ၁၆ | ၂၂ | ၀.၈၇% |

စာမျက်နှာ ၉ သို့ ■

■ စာမျက်နှာ ၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁၉ | တီးတိန်မြို့နယ် | | | ၃၂၀၀ | ၁၀၃၅ | ၄၂၃၅ | |
| | | ဦးဆလိုင်းအောင်ပြည့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၅ | ၆၅၇ | ၁၉၉၂ | ၄၇.၀၄% |
| | | ဦးဒဲရစ်ကမ်ဇအာလ် | ဇိုမီးအမျိုးသားပါတီ | ၁၃၇၃ | ၂၆၀ | ၁၆၃၃ | ၃၈.၅၆% |
| | | ဦးဇင်ရှင်းပြောင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၉၂ | ၁၁၈ | ၆၁၀ | ၁၄.၄၀% |
| ၂၀ | ဟားခါးမြို့နယ် | | | ၁၆၀၅ | ၁၂၂၉ | ၂၈၃၄ | |
| | | ဦးဗန်နီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၆၇ | ၁၀၄၀ | ၂၀၀၇ | ၇၀.၈၂% |
| | | ဦးရှိဘင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၅၂ | ၁၄၄ | ၅၉၆ | ၂၁.၀၃% |
| | | ဦးကံလင်း | ခူမီးအမျိုးသားပါတီ | ၁၈၆ | ၄၅ | ၂၃၁ | ၈.၁၅% |
| | မွန်ပြည်နယ် | | | | | | |
| ၂၁ | ကျိုက်ထိုမြို့နယ် | | | ၂၀၉၅၉ | ၂၃၈၃ | ၂၃၃၄၂ | |
| | | ဦးစိုးလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၆၈၀ | ၁၉၃၆ | ၁၀၆၁၆ | ၄၅.၄၈% |
| | | ဒေါ်မမကြီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၆၁၂ | ၂၄၃ | ၅၈၅၅ | ၂၅.၀၈% |
| | | ဦးသူဘိုထွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၉၉၀ | ၈၁ | ၄၀၇၁ | ၁၇.၄၄% |
| | | ဦးသက်ပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၇၇ | ၁၂၃ | ၂၈၀၀ | ၁၂.၀၀% |
| ၂၂ | ကျိုက်မရောမြို့နယ် | | | ၁၆၃၈၉ | ၄၆၆၆ | ၂၁၀၅၅ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၅၃ | ၄၂၂၆ | ၁၀၆၇၉ | ၅၀.၇၂% |
| | | ဒေါ်မြင့်မြင့်ဝေ | မွန်ညီညွတ်ရေးပါတီ | ၄၂၄၅ | ၂၁၉ | ၄၄၆၄ | ၂၁.၂၀% |
| | | ဒေါ်ချိုချိုအေးအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၇ | ၆၆ | ၂၁၈၃ | ၁၀.၃၇% |
| | | ဦးမင်းကိုကိုထွန်း | ပြည်သူ့ပါတီ | ၂၀၇၆ | ၈၄ | ၂၁၆၀ | ၁၀.၂၆% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၇၄ | ၅၄ | ၁၀၂၈ | ၄.၈၈% |
| | | ဒေါ်သန္တာဟိန်းဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၄ | ၁၇ | ၅၄၁ | ၂.၅၇% |
| ၂၃ | ချောင်းဆုံမြို့နယ် | | | ၄၈၆၄၄ | ၂၉၇၁ | ၅၁၆၁၅ | |
| | | ဦးစိုးသူ | မွန်ညီညွတ်ရေးပါတီ | ၂၂၈၇၅ | ၇၅၅ | ၂၃၆၃၀ | ၄၅.၇၈% |
| | | ဦးမျိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆၂ | ၂၀၁၇ | ၂၀၆၇၉ | ၄၀.၀၇% |
| | | ဦးအောင်ကိုကို | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၆၇၈ | ၁၂၈ | ၄၈၀၆ | ၉.၃၁% |
| | | ဒေါ်သဲသဲအိလွင်ပိုကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၉ | ၇၁ | ၂၅၀၀ | ၄.၈၄% |
| ၂၄ | မော်လမြိုင်မြို့နယ် | | | ၈၅၅၃၈ | ၅၃၇၇ | ၉၀၉၁၅ | |
| | | ဒေါ်ဥမ္မာဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၀၉၇ | ၃၇၉၉ | ၃၀၈၉၆ | ၃၃.၉၈% |
| | | ဦးဖုန်းဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၄၇၁၃ | ၅၉၉ | ၂၅၃၁၂ | ၂၇.၈၄% |
| | | ဒေါ်ခင်သန္တာမော် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၀၅၆ | ၂၇၁ | ၁၁၃၂၇ | ၁၂.၄၆% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၅၁ | ၂၅၆ | ၆၂၀၇ | ၆.၈၃% |
| | | ဦးလင်းရောင်ခြည် | ပြည်သူ့ပါတီ | ၆၀၃၀ | ၁၆၃ | ၆၁၉၃ | ၆.၈၁% |
| | | ဦးရဲဟိန်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၀၇ | ၁၇၀ | ၅၄၇၇ | ၆.၀၃% |
| | | ဦးဘုန်းဆုမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၀၂ | ၈၀ | ၂၈၈၂ | ၃.၁၇% |
| | | ဒေါ်သီတာထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၈၂ | ၃၉ | ၂၆၂၁ | ၂.၈၈% |
| ၂၅ | သထုံမြို့နယ် | | | ၄၁၆၂၀ | ၄၂၆၀ | ၄၅၈၈၀ | |
| | | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၅၁ | ၃၄၄၂ | ၁၉၇၉၃ | ၄၃.၁၄% |
| | | ဒေါ်စုစုပြုံး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၆၁၄၇ | ၂၁၂ | ၆၃၅၉ | ၁၃.၈၆% |
| | | ဦးမောင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၂၈ | ၂၁၈ | ၆၃၄၆ | ၁၃.၈၃% |
| | | ဦးသန်းဝေ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၄၆ | ၁၆၄ | ၆၂၁၀ | ၁၃.၅၄% |
| | | ဒေါ်အိအိချော | ပြည်သူ့ပါတီ | ၄၁၃၀ | ၁၀၈ | ၄၂၃၈ | ၉.၂၄% |
| | | ဒေါ်သီတာခင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၁၈ | ၁၁၆ | ၂၉၃၄ | ၆.၃၉% |




## အများပြည်သူသို့ အသိပေးကြေညာချက်

နေပြည်တော်　ဇန်နဝါရီ　၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင် မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများအား အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး/ပျောက်ဆုံးသည့် နိုင်ငံသားကတ်ပြားများအား ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်ပြား များ ပျက်စီး/ပျောက်ဆုံးမှုမရှိဘဲ ပျက်စီး/ပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်ပြားတစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

❒ စာမျက်နှာ ၂၄ မှ

ပြိုင်ပွဲကို အမျိုးသား/အမျိုးသမီး အသက်(၄၀) နှစ်အထက်ပြိုင်ပွဲနှင့် အသက်(၄၀)နှစ်အောက်ပြိုင်ပွဲဟူ၍ အမျိုးအစား လေးမျိုးခွဲ၍ ယှဉ်ပြိုင်စေခဲ့ရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ပြိုင်ပွဲများကို သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်များသည် တာလွှတ်သည့်နေရာမှ နှစ်မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၃၇၂ ပေ အမြင့်ရှိ မတ်စောက်သော ဖွဲကပင်တောင်အားကျော်ဖြတ်၍ တောပုံကျေးရွာ လုမ္ဗိနီဥယျာဉ်အထက်တန်းကျောင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဖွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲ အမျိုးသား အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ၅၂ မိနစ် ၂၇ စက္ကန့်၊ (၄၀)နှစ်အထက်ပြိုင်ပွဲတွင် ၅၇ မိနစ်၊ အမျိုးသမီး (၄၀)နှစ်အောက်ပြိုင်ပွဲတွင် ၁ နာရီ ၁၆ မိနစ်၊ (၄၀)နှစ်အထက်ပြိုင်ပွဲတွင် ၁ နာရီ ၃၃ မိနစ်တို့ဖြင့် ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသားအသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က အမျိုးသား/အမျိုးသမီး အသက်(၄၀)နှစ်အထက် ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၃၅ ထိ ရရှိကြသူများနှင့် ပဉ္စမဆုမှ ပထမဆုထိရရှိကြသူများ၊ အမျိုးသား/အမျိုးသမီး အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၅၀ ထိရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက အမျိုးသမီးအသက်အကြီးဆုံးပြိုင်ပွဲဝင် နှစ်ဦးနှင့် အသက်အငယ်ဆုံးပြိုင်ပွဲဝင် နှစ်ဦး၊ အမျိုးသမီး အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ပဉ္စမဆုမှ ပထမဆုရရှိသူများအား လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသား အသက်အကြီးဆုံးပြိုင်ပွဲဝင် နှစ်ဦးနှင့် အသက်အငယ်ဆုံးပြိုင်ပွဲဝင် နှစ်ဦး၊ အမျိုးသားအသက်(၄၀) နှစ်အောက်ပြိုင်ပွဲ ပဉ္စမဆုမှ ပထမဆုရရှိသူများအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၂၆၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၅၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ လေးလုံးနှင့် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်တရားမဝင်လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၅၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park နယ်မြေအတွင်း အပိုင်း(၂/၃)ရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ခြောက်ထပ်လူနေအဆောက်အအုံ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း (၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## နေမာ ဆန်းတို့စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၂**

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းသည် အသင်းတိုက်စစ်မှူး နေမာကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၂၈ပွဲကစားကာ ၁၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နေမာက "အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**





## တန်းတက်အသင်းများတွင် အိမ်ကွင်း ၁၀ ပွဲ ဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံးအသင်းအဖြစ် ဆန်ဒါးလန်းအသင်း မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂**

ဆန်းဒါးလန်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ တန်းတက်အသင်းများထဲတွင် အိမ်ကွင်း ၁၀ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဆန်းဒါးလန်းအသင်းသည် မန်စီးတီးအသင်းနှင့် ဂိုးမရှိသရေကျပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၉ ပွဲကစားအပြီးတွင် ရမှတ် ၂၉ မှတ်ဖြင့် အဆင့်ခုနစ်နေရာတွင် ရပ်တည်ခဲ့သည်။

ဆန်းဒါးလန်းအသင်း၏ ထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းသားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေရဲ့ ကြိုးစားအားထုတ်မှုကြောင့်သာ ယခုလိုမှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ခဲ့တာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## ဘာပေ ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဇန်နဝါရီ ၂**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေသည် ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဒူးနာကျင်မှုနှင့်ကစားခဲ့ရပေမယ့် လက်ရှိအချိန် MRI Scan နှင့် စစ်ဆေးမှုများအရ ဆေးကုသမှုခံယူဖို့ လိုအပ်သောကြောင့် တစ်လနီးပါးခန့် အနားယူရမည် ဖြစ်သည်။

တိုက်စစ်မှူးဘာပေသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၃ ပွဲကစားကာ ၇၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## အယ်လီဆန်ကို အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂**

အက်စတွန်ဗီလာအသင်းသည် ဂရီမီယိုအသင်း တိုက်စစ်မှူး အယ်လီဆန်ကို စတာလင်ပေါင် ၁၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိစာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး အယ်လီဆန်သည် ဂရီမီယိုအသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၃၉ ပွဲကစားကာ ၂ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ အယ်လီဆန်က "ကျွန်တော် အက်စတွန်ဗီလာ အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ အိပ်မက်တွေလည်း ပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့် ကစားနိုင်ဖို့လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဟွိုင်လန်းကို နာပိုလီအသင်း အပြီးသတ် ခေါ်ယူသွားမည်

**တူရင် ဇန်နဝါရီ ၂**

နာပိုလီအသင်းသည် မန်ယူအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဟွိုင်လန်းကို အပြီးသတ်ခေါ်ယူသွားမည်ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းမှ နာပိုလီအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားကာ ၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ် ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နာပိုလီအသင်း၏ ထုတ်ပြန်ချက် တွင် "ဟွိုင်လန်းအား အပြီးသတ်ခေါ်ယူသွားမှာပါ။ အပြောင်းအရွှေ့ကိစ္စအတွက် မန်ယူအသင်း တာဝန်ရှိသူတွေနဲ့လည်း ဆွေးနွေးနေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

**(ယာပုံ)(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* ဘုန်းမောက်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အီသန်နွမ်နယ်ရီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဝက်စ်ဟမ်းအသင်းသည် ပေါ်တူဂီကလပ် ဂျီလ်ဗင်းဆင့်တီးအသင်း တိုက်စစ်မှူး ပါဘလိုကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ခရစ္စတယ်ပဲလေ့စ်အသင်းသည် စပါးအသင်း တောင်ပံကစားသမား ဘရန်နန်ဂျွန်ဆင်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။ **(NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၁-၂၀၂၆<br>ည၇း၀၀နာရီ | (၃)ဗီလာ - နော့တင်ဟမ်(၁၇)<br>(W,W,W,W,L) (W,W,L,L,L) | ဗီလာ ၄-၂ နော့တင်ဟမ်<br>နော့တင်ဟမ် ၂-၁ ဗီလာ |
| ၃-၁-၂၀၂၆<br>ည၉း၃၀နာရီ | (၁၄)ဘရိုက်တန် - ဘန်လေ(၁၉)<br>(D,L,D,L,D) (L,L,D,D,L) | ဘရိုက်တန် ၁-၁ ဘန်လေ<br>ဘန်လေ ၁-၁ ဘရိုက်တန် |
| " | (၂၀)ဝုလ် - ဝက်စ်ဟမ်း(၁၈)<br>(L,L,L,L,D) (D,L,L,L,D) | ဝုလ် ၁-၀ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၂-၁ ဝုလ် |
| ၄-၁-၂၀၂၆<br>နံနက်၀၀း၀၀နာရီ | (၁၅)ဘုန်းမောက် - အာဆင်နယ်(၁)<br>(D,D,D,L,D) (W,W,W,W,W) | ဘုန်းမောက် ၂-၀ အာဆင်နယ်<br>အာဆင်နယ် ၁-၂ ဘုန်းမောက် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၁-၂၀၂၆<br>ည၁၁း၃၀နာရီ | (၉)မိုနာကို - လိုင်ယွန်(၅)<br>(W,L,W,L,W) (W,L,W,W,W) | မိုနာကို ၂-၀ လိုင်ယွန်<br>လိုင်ယွန် ၀-၂ မိုနာကို |
| ၄-၁-၂၀၂၆<br>နံနက်၀၀း၃၀နာရီ | (၁၃)နိစ် - စတားရာဘော့(၇)<br>(L,L,L,L,W) (L,W,D,W,W) | နိစ် ၂-၁ စတားရာဘော့<br>စတားရာဘော့ ၂-၂ နိစ် |
| ၄-၁-၂၀၂၆<br>နံနက်၀၂း၃၅နာရီ | (၄)လိုင်လီ - ရင်းနက်စ်(၆)<br>(W,W,L,W,W) (W,W,L,W,W) | လိုင်လီ ၁-၀ ရင်းနက်စ်<br>ရင်းနက်စ် ၀-၂ လိုင်လီ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၁-၂၀၂၆<br>ညနေ၆း၀၀နာရီ | (၆)ကိုမို - အူဒီးနိစ်(၁၁)<br>(W,W,L,L,W) (L,L,W,L,D) | ကိုမို ၄-၁ အူဒီးနိစ်<br>အူဒီးနိစ် ၁-၀ ကိုမို |
| ၃-၁-၂၀၂၆<br>ည၈း၃၀နာရီ | (၁၇)ဂျီနိုအာ - ပီဇာ(၁၉)<br>(L,W,L,L,L) (L,L,L,D,L) | ———— |
| " | (၉)ဆက်ဆူအိုလို - ပါးမား(၁၅)<br>(L,W,D,L,D) (L,L,W,L,W) | ဆက်ဆူအိုလို ၁-၁ ပါးမား<br>ပါးမား ၁-၃ ဆက်ဆူအိုလို |
| ၃-၁-၂၀၂၆<br>ည၁၁း၃၀နာရီ | (၅)ဂျူဗင်တပ် - လက်ချီ(၁၆)<br>(L,W,W,W,W) (L,W,L,W,L) | ဂျူဗင်တပ် ၂-၁ လက်ချီ<br>လက်ချီ ၁-၁ ဂျူဗင်တပ် |
| ၄-၁-၂၀၂၆<br>နံနက်၀၂း၄၅နာရီ | (၁၀)အတ္တလန်တာ - ရိုးမား(၄)<br>(L,W,W,W,L) (L,W,W,L,W) | အတ္တလန်တာ ၂-၁ ရိုးမား<br>ရိုးမား ၀-၂ အတ္တလန်တာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၁-၂၀၂၆<br>ည၇း၃၀နာရီ | (၇)ဆဲလ်တာဗီဂို - ဗလင်စီယာ(၁၇)<br>(W,L,W,L,D) (W,D,L,W,D) | ဆဲလ်တာဗီဂို ၃-၁ ဗလင်စီယာ<br>ဗလင်စီယာ ၂-၁ ဆဲလ်တာဗီဂို |
| ၃-၁-၂၀၂၆<br>ည၉း၄၅နာရီ | (၁၂)အိုဆာဆူနာ - ဘီလ်ဘာအို(၈)<br>(W,W,L,W,W) (W,D,L,W,L) | အိုဆာဆူနာ ၁-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၀-၀ အိုဆာဆူနာ |
| ၄-၁-၂၀၂၆<br>နံနက်၀၀း၀၀နာရီ | (၉)အယ်လ်ချီ - ဗီလာရီးရဲလ်(၄)<br>(W,W,L,W,W) (W,W,L,L,L) | အယ်လ်ချီ ၃-၁ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၄-၀ အယ်လ်ချီ |
| ၄-၁-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၅)အက်စ်ပန်ညို - ဘာစီလိုနာ(၁)<br>(W,L,W,W,W) (W,W,W,W,W) | အက်စ်ပန်ညို ၀-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၁ အက်စ်ပန်ညို |

# ရတနာပုံတက္ကသိုလ်၌ ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် နှစ်လည်မဂ္ဂဇင်းကော်မတီက ကြီးမှူးကျင်းပသည့် "ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း" စာမူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ(၂)၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာယုအောင်၊ နှစ်လည်မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ထွေးရီနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ စာမူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယပါမောက္ခချုပ်က ဝမ်းမြောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် "ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း" တွင် ပါဝင်ရေးသားခဲ့ကြသည့် ကဗျာကဏ္ဍ စာမူရှင် ငါးဦး၊ ကာတွန်းကဏ္ဍ စာမူရှင် သုံးဦး၊ ငွေရတုဂုဏ်ပြုအထူးကဏ္ဍ စာမူရှင် တစ်ဦး၊ ဆောင်းပါးကဏ္ဍ စာမူရှင် ၁၃ ဦး၊ ရသကဏ္ဍ စာမူရှင် သုံးဦး၊ ဝတ္ထုကဏ္ဍ စာမူရှင် ငါးဦးနှင့် English Section စာမူရှင် ရှစ်ဦးတို့အား ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာယုအောင်၊ နှစ်လည်မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ထွေးရီတို့က ဂုဏ်ပြုစာမူခနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် နှစ်လည်မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး ဒေါက်တာစန္ဒာဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။



(ဝဲပုံ)(ဝ၈၂)



# ဒို့အတူတူ မဲပေးကြမယ် မြေစိုက်ပိုစတာစိုက်ထူ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုင်းဖြတ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို မကြာမီကျင်းပတော့မည်ဖြစ်ရာ ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁ ရက် နံနက် ၈နာရီက ပြည်သူ့ပန်းခြံရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းနှင့် အဖွဲ့ဝင်များက ဒို့အတူတူမဲပေးကြမယ်ပိုစတာကို စိုက်ထူခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် ပြည်သူ့ပန်းခြံရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင်သွားလာနေကြသည့် ပြည်သူများ၊ မြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ်များအား ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*—*—*—*

*—*—*—*—*—*

# ပြောင်းမျိုးစေ့ချကိရိယာ (Pneumatic Seeder) ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၄) စက်မှုလယ်ယာစခန်းတွင် ပြောင်းမျိုးစေ့ချကိရိယာ (Pneumatic Seeder)ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရွာသစ်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၄)၊ ဦးပိုင်အမှတ်(၂၂)တောင်သူ ဦးတင်ညွန့်၏ လယ်မြေ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်ပြည့်ဖြိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က စက်ကိရိယာဖြင့် ပင်ကြား၊ တန်းကြား (၂ ပေ × ၉ လက်မ)စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မိမိတို့ ကြိုက်သလို ချိန်ညှိ၍လည်းရကြောင်း၊ မြေဩဇာကျွေးခြင်းနှင့် အပင်ဖြစ်ထွန်းချိန်အလိုက် ပိုးမွှားရောဂါကျရောက်မှုမရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်းက ပြောင်းမျိုးစေ့ချကိရိယာ (Pneumatic Seeder)ဖြင့် ဆောင်ရွက်ခြင်းကြောင့် လုပ်အားကုန်ကျမှုစရိတ်များသက်သာခြင်း၊ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်များသက်သာစေခြင်း၊ ရာသီအချိန်မီစိုက်ပျိုးနိုင်ပြီး အချိန်ကုန်သက်သာခြင်း၊ လူလုပ်အား လျှော့ချနိုင်ခြင်း၊ သွင်းအားစုဓာတ်မြေဩဇာကိုပါ တစ်ခါတည်းထည့်သွင်းနိုင်ခြင်း၊ ပေါင်းရှင်းလင်းခြင်းအပြင် ပေါင်းလုံးနိုင်ခြင်းတို့ကိုပါဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အားသာချက်များစွာရှိကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား ပြောင်းမျိုးစေ့ချကိရိယာ (Pneumatic Seeder)ဖြင့် လက်တွေ့စိုက်ပျိုး ကွင်းသရုပ်ပြသပေးခဲ့သည်။

အဆိုပါ ပြောင်းစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁)နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

*—*—*—*

*—*—*—*—*—*

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ဆောင်ရွက်လျက်ရှိရာ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ဝါဝါကျော် ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။



အဆိုပါ စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၂ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်စုံညီပွဲတော် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(ဝဲပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

*—*—*—*—*—*



# မဲပေးရာတွင် လွယ်ကူချောမွေ့စွာပေးနိုင်ရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အခက်အခဲမရှိ အဆင်ပြေ လွယ်ကူချောမွေ့စွာပေးနိုင်ရေးအတွက် ဇန်နဝါရီ ၁ ရက် နေ့လယ် ၁ နာရီက တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ရပ်/ကျေးကော်မရှင်အတွင်းရေးမှူး (စာရေးဝန်ထမ်း)များက တစ်အိမ်တက်ဆင်းသွားရောက်၍ မဲစလစ်များဖြန့်ဝေခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များတွင် မဲစာရင်းနံပါတ်များအား Price Tape ဖြင့် ရေးသားကပ်နှိပ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

စန့်ဝင်း(ဆင်ပေါင်ဝဲ)

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

# အာနန္ဒာဘုရားကြီး၏ (၉၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့ နံနက် ၇ နာရီက ပင့်သံဃာ ၃၂၀ ပါးတို့အား ဆွမ်းသပိတ်လောင်းလှူခြင်းများဖြင့် ဗုဒ္ဓပူဇနီယပွဲတော်အား ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနီယပွဲတော်အား နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ၊ မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒဝံသ အရှင်သူမြတ်ထံက(၉)ပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်အရှင်မြတ်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များနာယူကြည်ညိုကြကာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ခရိုင်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ဂေါပကအဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဂန္ဓဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတအရှင်သူမြတ်ထံမှ အနုမောဒနာတရားခံယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှဆွမ်း သပိတ်လုံး အလှူရှင်များက သံဃာတော်အရှင်သူမြတ်(၃၂၀)ပါးတို့အား ဆွမ်းသပိတ်လုံးများလောင်းလှူကြသည်။

အာနန္ဒာဘုရားကြီးသည် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိခဲ့ကာ ဆယ့်နှစ်ပွဲ ဈေးသည်များ စုံလင်စွာ လာရောက်ရောင်းချခြင်း၊ ဒေသခံဈေးသည်များမှ ဒေသထွက် ယွန်းထည်ပစ္စည်းများ ရောင်းချခြင်းနှင့် ဈေးရောင်းဈေးဝယ်အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်သည်။ တစ်လကျော်ကြာအောင် ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် အစဉ်အလာမပျက် မြန်မာပြည်အရပ်ရပ်မှလှူဒါန်းထားရှိသည့် ဆွမ်းသပိတ်လုံး ၂၂၀၀ ကျော်တို့အား လောင်းလှူပူဇော်ခဲ့သည်။ အာနန္ဒာ မြတ်စွာဘုရားကြီး၏ (၉၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်သို့ မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်း ဘုရားဖူးများ၊ ပြည်ပနိုင်ငံသားများ လာရောက်သူများပြားလျက်ရှိပြီး ဘုရားပရဝဏ်အတွင်း ပြည့်ကျပ်လျက်ရှိကြောင်း သိရသည်။

(၄၈၁)



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက ကျည်တောင်ကျေးရွာအုပ်စု၊ မွန်းတည့်ခွင်(မြောက်) ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများ အနေဖြင့် သင်တန်းမှ သင်ခန်းစာများကို လက်တွေ့အသုံးချပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိနိုင်သည်အထိ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ထူးချွန်ဆုရရှိသည့် သင်တန်းသားများအား လုပ်ငန်းသုံးပစ္စည်းများ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်(မြောက်) ကျေးရွာနှင့် မွန်းတည့်ခွင်(တောင်) ကျေးရွာမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၃ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ရက်အထိ တစ်လကြာ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)နော်လူး**

# ရွှေကြာအင်းကျေးရွာ၌ ဆောင်းကြက်သွန်နီများ စတင်တူးဖော်ရောင်းချ၊ တောင်သူများအဆင်ပြေ

**မြစ်သား ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေကြာအင်းကျေးရွာ၌ ဆောင်းကြက်သွန်နီများ စတင်တူးဖော်လျက်ရှိရာ အထွက်နှုန်းကောင်းမွန်ပြီး ဝယ်ယူဈေးသင့်သည့်အတွက် စိုက်ပျိုးရောင်းချသူတောင်သူများ အဆင်ပြေကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် တစ်ဧက စိုက်ပျိုးစရိတ် ငွေကျပ် ၁၅ သိန်းကျော်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး လေးလအကြာတွင် တူးဖော်ရကြောင်း၊ ထွက်ရှိမှုအနေဖြင့်တစ်ဧကလျှင် ကြက်သွန်နီ အချိန်ပိဿာ ၃၀၀၀ အထိ ရှိနိုင်ကြောင်း၊ ယခုနှစ် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ မှ ၃၀၀၀ ဈေးပေးကာ ကြက်သွန်နီပွဲစားများက အိမ်တိုင်ရာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ချက်ချင်းရောင်းချသူများရှိသကဲ့သို့ နောက်ပိုင်းဈေးကွက်ပေါ် အခြေအနေစောင့်ပြီး သိုလှောင်ကြသူများလည်းရှိကြောင်း၊ ကြက်သွန်နီ တစ်ဧက ကုန်ကျစရိတ်နှုတ်ပြီး ယခုချိန်ရောင်းချပါက အမြတ်ငွေကျပ် ၁၅ သိန်းကျော်ရရှိကြောင်း ကြက်သွန်နီစိုက်တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ သမတန်းကျေးရွာ၊ လက်ပံဆိပ်ကျေးရွာ၊ ငါးဆူကျေးရွာ၊ ပေကုန်းကျေးရွာ၊ ထနောင်းကုန်းကျေးရွာနှင့် ကူဖြူကျေးရွာတို့မှာ နှစ်စဉ်ကြက်သွန်နီကို အဓိကထားကာ စီးပွားဖြစ် စိုက်ပျိုးကြပြီး ဈေးကွက်သို့ အများဆုံးတင်ပို့သည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပင်လုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက အခြေခံပညာကျောင်းများနှင့် ဈေးဆိုင်ခန်းများ၌ လိုက်လံဖြန့်ဝေခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ရက် မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်း၊ ကမ္ဘာတည်သရွေ့ စောင့်ရှောက်၊ လွတ်လပ်ရေးဆိုသည်မှာ(ကဗျာ)၊ ကာတွန်းနှင့် ဆောင်ပုဒ်များ စသည့်အကြောင်းအရာများ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မကွေး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက မကွေးမြို့ အခြေခံပညာကျောင်းများနှင့် အ-ထ-က(ခွဲ)ကန်သာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်အရောက် အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာစောင်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄) ရပ်၊ လွတ်လပ်ရေး၏အဓိပ္ပာယ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်း၊ လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် ကဗျာ၊ ကာတွန်းများ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။



**(အောက်ဝဲပုံ)**

အဆိုပါ(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ် ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**မောင်နိုင်မင်း(ပြန်/ဆက်)**



# မန္တလေးလျှင်နဲ့ ဌာပနာအမွေအနှစ်များ(၂၅)

ရက္ခိတ(ရေး/သု)

မန္တလေးလျှင်ကြီးလှုပ်အပြီး ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတွေထဲက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက ထူးခြားတဲ့လက်ရာ ရှားပါးတဲ့လက်ရာ၊ ဆင်းတုနဲ့ ရုပ်တုလေးတွေအကြောင်း ဆောင်းပါးအဖြစ် စာဖတ်သူတွေ ဗဟုသုတရစေဖို့ ဆက်တိုက်ရေးသားလာခဲ့ပါတယ်။ ရှေ့ဆောင်းပါးမှာ တင်ပြခဲ့သလို တစ်ခါတလေ ဌာပနာရုပ်တုလေးတစ်ခုဟာ သူနဲ့ဆက်စပ်တဲ့ အကြောင်းအရာက သိကြပြီးသားဖြစ်ပေမယ့် ဖန်တီးထားတဲ့လက်ရာက ထူးခြားတဲ့ဟန် ဖြစ်နေတဲ့အခါ တွေ့ရှိတဲ့သူ ဒါမှမဟုတ် လေ့လာတဲ့သူတွေ ဘာ့ကြောင့် ဒီလိုဖန်တီးတယ်ဆိုတာ သိစေချင်တဲ့ စေတနာနဲ့ ရေးသားရခြင်းဖြစ်ပါတယ်။ အခုလည်း လက်ရာဟန်ပန် ထူးခြားနေတဲ့ ကြေးသွန်းရုပ်လေးတစ်ခုအကြောင်း ရေးသားဖို့အကြောင်းဖန်လာပါတယ်။ အကြောင်းကလည်း အမရပူရမြို့ဟောင်းမှန်တန်းရပ်မှာ တည်ထားတဲ့ ဆုတောင်းပြည့်ဘုရားပြိုပျက်ရာက ထွက်ပေါ်လာတဲ့ ဌာပနာတွေ ထုံးစံအတိုင်း ကျွန်တော်ဦးဆောင်တဲ့အဖွဲ့ သွားရောက်စစ်ဆေးခဲ့ပါတယ်။ အဲ့ဒီဆုတောင်းပြည့်ဘုရား ဌာပနာတွေဟာ ထူးခြားတဲ့ လက်ရာအတော်များများတွေ့ရတဲ့ ဘုရားတစ်ဆူလည်း ဖြစ်ပါတယ်။ အခုလည်း ကျွန်တော့်အဖွဲ့တွေက ဌာပနာရုပ်လေးတွေကို သန့်ရှင်းရေးလုပ်ပြီး ဓာတ်ပုံရိုက်လို့ စာရင်းသွင်းတဲ့အချိန်မှ ကျွန်တော်က စစ်ဆေးပြီး ခေတ်ကာလ ခွဲခြားသတ်မှတ်ပေးပါတယ်။ ခေတ်ခွဲတဲ့အခါမှာလည်း ဘယ်ခေတ်ကာလဖြစ်တယ်ဆိုတာ ချက်ချင်းတန်းပြီး မပြောသေးဘဲ ဘယ်ဗုဒ္ဓဝင်ဇာတ်လမ်းထဲက ဘာရုပ်ဖြစ်တယ်။ ဘယ်လက်ရာ အချက်အလက်တွေအရ ဘယ်ခေတ်ဖြစ်တယ်ဆိုတာ အတွေ့အကြုံနဲ့ယှဉ်တဲ့ ပညာကို လက်ဆင့်ကမ်းမျှဝေပေးပါတယ်။ တစ်ခါတလေကျတော့ ဒီရုပ်လေးကို ဘယ်ကတွေ့တာလဲ၊ ဘာနဲ့ဆက်စပ်ပြီး တွေ့ရတာလဲဆိုတာ မေးမြန်းပြီးမှ ရှင်းပြရပါတယ်။ တစ်ခါတရံကျတော့လည်း သူတို့မေးတဲ့အရုပ်ရဲ့ ဖြစ်နိုင်ချေကို လက်တွေ့ဆက်စပ်ပြပြီးမှ ရှင်းပြရတာမျိုးလည်း ရှိတတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဌာပနာတော်တော်များများဟာ စနစ်တကျ သေချာစွာ ထုတ်ယူရခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းရေးလုပ်တဲ့အဖွဲ့ရဲ့ မသိတတ်မှု နားမလည်မှု စာပေအတွေ့အကြုံနည်းပါးမှုများကြောင့် အဆက်အစပ်မဲ့သွားတာမျိုး၊ ပျက်စီးသွားတာမျိုးတွေ ရှိနေခဲ့လို့ပါ။ တစ်ခါသားကျတော့လည်း ထိန်းသိမ်းထားတဲ့ ဘုန်းတော်ကြီးတွေ၊ ဂေါပကတွေ လက်ထဲရောက်ပြီး ဟိုလူဒီလူစသဖြင့် လာကြည့်ကြသူ၊ စပ်စုကြသူများကြောင့်လည်း အဆက်အစပ်မဲ့သွားတာမျိုး ကြုံရတတ်ပါသေးတယ်။ ရွှေဘုရားတို့၊ လက်ဝတ်ရတနာတို့များ တွေ့လာရပြီဆိုရင် ကျွန်တော်တို့ ရှေးဟောင်းသုတေသနအဖွဲ့ကိုတောင် မပြချင်တာမျိုး၊ မသိစေချင်တာမျိုး မတွေ့ဘူး၊ မပါဘူးလို့ ဖွတ်ငြင်းတာမျိုးတွေလည်း ကြုံရတတ်ပါသေးတယ်။ အခုလည်း ကျွန်တော်တို့ စစ်ဆေးမှတ်တမ်းတင်အဖွဲ့က သန့်ရှင်းရေးလုပ်ပြီး ဓာတ်ပုံရိုက်ပြီးလို့ စာရင်းသွင်းမယ်လုပ်တော့ ကျွန်တော့်ကို ဒါဘာ အရုပ်လေးလဲလို့ မေးလာပါတယ်။ အဆက်အစပ်မရှိဘဲ သေးငယ်တဲ့ အရုပ်လေးတစ်ခုတည်း ထီးထီးဖြစ်နေတော့ ကျွန်တော်တောင် ချက်ချင်း မဖြေနိုင်လို့ ဘာရုပ်ဆိုတာရယ်၊ ဘယ်ခေတ်ဆိုတာရယ် မဖြည့်နဲ့အုံး ပြောပြီး ဘာအရုပ်ဖြစ်နိုင်သလဲဆိုတာ အပြင်းအထန် စဉ်းစားရပါတယ်။ ဒါလည်း ဦးနှောက်က ချက်ချင်း အဖြေမထွက်လို့ နောက်နေ့မှ စာအုပ်ထဲပြန်ကြည့်ပြီး မှ ပြောမယ်လို့ ဖြေလိုက်ရပါတယ်။ ၂-၃ ရက်လောက် ရှိသေးတယ် အတိအကျသိရအောင် နောက်ရက်မှ အဲ့ဒီဌာပနာတွေရတဲ့ ဆုတောင်းပြည့်ဘုရားကို ပြန်သွားရပါတယ်။ ရောက်တော့မှ ခန့်မှန်းထားတဲ့ အဖြေကို ဖြစ်နိုင်ချေရှိမရှိ လက်တွေ့ဆက်စပ် ကြည့်ရပါတယ်။ ခန့်မှန်းခြေနဲ့ အဆက်အစပ်တည့်သွားပြီ၊ သေချာသွားပြီဆိုတော့မှ အဖြေမှန်ကို ရဲရဲတင်းတင်း ပြောရပါတယ်။ ဒါ ကျွန်တော်တို့ရဲ့အတွေ့အကြုံသေးသေးလေးပါ။ ဆိုလိုတာက ခေတ်ကာလ စစ်ဆေးအကဲဖြတ်ရတယ်ဆိုတာ လုပ်ငန်းအတွေ့အကြုံ၊ စာပေအတွေ့အကြုံများအပြင် တစ်ခါတစ်ရံ လော့ဂျစ်ဆန်ဆန် ဆက်စပ်ဆုံးဖြတ်ရတာမျိုးတွေလည်း လိုအပ်ပါတယ်ဆိုတာ သိစေချင်လို့ပါ။

အခုတွေ့ရတဲ့ ကြေးသွန်းရုပ်လေးက ညာဘက်လက်နဲ့ ကြိုးတပ်တူရိယာလေးကို ညာပခုံးပေါ်မှာ ထမ်းထားပြီး ဘယ်ဘက်လက်က ဘယ်ဘက်မျက်လုံးမှာ မျက်ရည်သုတ်လို့ ငိုနေဟန်လေးပါ။ အရင်က အခုလို ကြေးသွန်းရုပ်မျိုး တစ်ခါမျှမတွေ့ခဲ့ရဖူးပါ။ အခုလိုဟန် တွေ့ရတာ ပထမဆုံးပါ။ အထက်မှာ ရေးပြထားသလိုပဲ စာတွေ့၊ လက်တွေ့ဆက်စပ်လေ့လာလိုက်တော့မှ အဲ့ဒီကြေးသွန်းရုပ်လေးဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခန်းက ဆက်စပ်အရုပ်လေးဖြစ်ပါတယ်။ အရုပ်လေးနဲ့ ပတ်သက်ပြီး ရှင်းလင်းစွာ သိစေဖို့ နောက်ခံဇာတ်ကြောင်းလေးကို အကျဉ်းမျှတင်ပြပါရစေ။ မြတ်ဘုရားဂေါတမဟာ ၄၅ ဝါကာလပတ်လုံး ကျွတ်ထိုက်သူ ဝေနေယျသတ္တဝါတို့ကို ခေမာသောင်သို့ ဓမ္မတည်းဟူသော ကူးတို့ဖြင့် ဆောင်ပို့အပြီး ကုသိနာ ရုံပြည် အင်ကြင်းရဂုံတော၌ မြောက်အရပ်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါတယ်။ ပရိနိဗ္ဗာန်စံဝင်ခြင်း အချိန်မတိုင်မီ ပရိနိဗ္ဗာန် စံဝင်ပြီးပါက ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို မည်သို့မည်ပုံဆောင်ရွက်ရမည့် အကြောင်းတို့ကို မေးလျှောက်လာသူ မြတ်ဘုရားရဲ့ အလုပ်အကျွေး ဥပဋ္ဌာကရဟန်းဖြစ်သူ ရှင်အာနန္ဒာကို မဟာပရိနိဗ္ဗာန်သုတ်တော်နဲ့ သေချာစွာ ရှင်းလင်း ဟောကြားခဲ့ပါတယ်။ အဲ့ဒီသုတ်တော်ထဲမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးပါက ကြွင်းကျန်ရစ်သော ဥတုဇရုပ် ကလာပ်ကို စကြဝတေးမင်းတို့ရဲ့ သင်္ဂြိုဟ်ပုံအတိုင်း ဝါဂွမ်းတစ်ထပ်၊ ပိတ်ဖြူတစ်ထပ် အကြိမ် ၅၀၀ ရစ်ပတ်ကာ ဆီဦးထောပတ် သုတ်လိမ်းပြီး သိင်္ဂနိတ်လော့ပြီးသော တလား၌ထည့်ကာ နံ့သာထင်းပုံထက်၌တင်ပြီး တေဇောဓာတ်လောင်ကျွမ်းခြင်းဖြင့်လည်းကောင်း၊ ရရှိကြွင်းကျန်လာသော ဓာတ်တော်၊ မွေတော်များကို ခရီးလေးကြောင်းဆုံရာ အရပ်၌ ဌာပနာပြု၍ စေတီတည်ခြင်းဖြင့်လည်းကောင်းဆောင်ရွက်ရာ၏လို့ အတိအလင်းဟောကြားထားခဲ့ပါတယ်။ ဒီလိုနဲ့ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့မှာ မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ရက်မြောက်နေ့မှာ ဒိဗ္ဗစက္ခုဉာဏ်ရ ရှင်အနုရုဒ္ဓါက ရှင်အာနန္ဒာအား ဤသို့ ပြောကြားလာပါတယ်။ "ငါ့ရှင် အာနန္ဒာ ကုသိနာရုံပြည်တွင်းသို့ သွား၍ မလ္လာမင်းတို့အား မြတ်ဘုရား ပရိနိဗ္ဗာန်ယူကြောင်း ဆောင်ရွက်ဖွယ်ကိစ္စကိုလာ၍ ဆောင်ရွက်ကြအံ့သော အကြောင်းကို ကြားချေဟု စေတော်မူ၏။ ရှင်အာနန္ဒာလည်း လျှင်စွာ သွား၍ မလ္လာမင်းတို့အား အကြောင်းကြားလေသော် ဆွေမျိုးသားမယားနှင့်တကွသော မလ္လာမင်းတို့သည် ရှန်းရှင်းတက်မျှ ငိုကြွေးကြကုန်သည်။ ထို့နောက်မှ ယောကျ်ားတစ်ယောက်ကိုခေါ်၍ အချင်းယောကျ်ား ငါတို့ပြည်၌ စည်စောင်းညှင်းတီးကုန်သော အလုံးစုံသော လူအပေါင်းတို့သည်လည်းကောင်း၊ ပန်းနံ့သာအထုံအခိုးမွှေးမျိုး ရောင်းချကုန်သောသူအပေါင်းတို့သည်လည်းကောင်း ဘုရားသခင်ပရိနိဗ္ဗာန်စံဝင်ရာ ဌာနသို့ စည်းဝေးကြစေကုန်ဟု စေလိုက်၏။ ယောကျ်ားလည်း ပြည်အနှံ့လှည့်သွား၍ ထိုစကားကို ကြွေးကြော်လေသော် ပြည်သူပြည်သားအပေါင်းတို့သည် ကောင်းမြတ်ရာရာ နံ့သာဆိုင်းပန်းဆိုင်းစသော ပူဇော်ဖွယ်အများကို ဆောင်၍ တောင်တံခါး၏ အကွေ့ဖြစ်သော အင်ကြင်းဥယျာဉ်သို့ ဝင်လေကုန်၏။ ရောက်ကြသောအခါ ထိုမလ္လာမင်းတို့သည် ဘုရားအလောင်းတော်ကို အကျော်စမ္မာစသော ပန်းနံ့သာတို့ဖြင့် မွှမ်းလျက် ထူးဆန်းသာယာသော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ကုန်လျက် အသစ်စက်စက်သော ပုဆိုးဗိတာန်ပုဆိုးမဏ္ဍပ်တို့ကို စီရင်ကုန်လျက် နှစ်ရက်မြောက်သောနေ့ကို ကုန်လွန်စေကုန်၏" လို့ ဇိနတ္ထပကာသနီကျမ်းမှာ ဖော်ပြထားပါတယ်၊ ဤသို့အားဖြင့် ပရိနိဗ္ဗာန်စံဝင်တဲ့ သုံးလောကထွတ်တင် မြတ်ဘုန်းရှင်ကို ၇ ရက်လုံးလုံး လူနတ်ဗြဟ္မာတွေ အထူးထူးသော ပူဇော်ခြင်းနဲ့ ပူဇော်ကြပြီးနောက် မြတ်ဘုရားမှာကြားထားသည့်အတိုင်း သာဓုကိဠနသဘင် ဆင်ယင်လို့ တေဇောဓာတ်ပူဇော်ပေမဲ့ မြတ်ဘုရားပရိနိဗ္ဗာန် စံဝင်စဉ်အနားမှာမရှိဘဲ ပါဝါပြည် ခရီးလမ်းခုလပ်မှာ ရောက်ရှိနေတဲ့ တတိယသာဝကကြီး ရှင်မဟာကဿပထေရ် အဓိဋ္ဌာန်ထားလို့ သူ ရောက်လာပြီး ခြေတော်စုံကို ဦးခိုက်အပြီးမှ တေဇောဓာတ် လောင်ကျွမ်းခဲ့ပါတယ်။ အထက်ပါ အစဉ်အလာကြောင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်ခန်းကို ဖော်ကျူးထားတဲ့ နံရံဆေးရေးတွေထဲမှာ သဲကျောက်ထွင်းပန်းတမော့ရုပ်ကြွတွေထဲမှာ သက်မဲ့ဥတုဇရုပ်ကလာပ်ရဲ့ အောက်ခြေမှာ စည်ဗြောခွက်ခွင်းတီးမှုတ်ကခုန်နေကြပုံတွေကို တခုတ်တရထည့်သွင်း ဖော်ပြကြတာ ဖြစ်ပါတယ်။ အဲ့ဒါကို လက်တွေ့လေ့လာလိုလျှင် ပုဂံမြို့ဟောင်းရှေးဟောင်းသုတေသနပြတိုက်ကြီးရဲ့ မြေညီထပ်က ဗုဒ္ဓဆင်းတုတော်ပြခန်းမှာ မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်ခန်းအဖြစ် ထုထွင်းထားတဲ့ သဲကျောက်ပန်းတမော့ကျောက်ချပ်ကြီးမှာ တွေ့နိုင်ပါတယ်။ အဲ့ဒီသဲကျောက်ချပ်ကြီးမှာ အလယ်မှာ ခြေစုံထပ် ညာလက်ဝါးပေါ် ပါးတင်ပြီး လက်ယာနံတောင်း စောင်းလျက်အနေအထားနဲ့ မျက်လုံးမှိတ်ကာ ပရိနိဗ္ဗာန်စံနေတဲ့ မြတ်ဘုရားနဲ့ အပေါ်တန်းမှာ နတ်တွေ၊ ဗြဟ္မာတွေက ပူဇော်နေကြဟန်၊ အောက်ခြေမှာ မင်းပရိသတ်နဲ့ ရဟန်းပရိသတ်တွေ ပူဇော်နေကြဟန်နဲ့၊ ခြေထောက်အောက်နားမှာ ဗုံရှည်ခွက်ခွင်း တီးပြီး သီဆိုကနေဟန် ပန်တျာသည်တွေကို တွေ့နိုင်ပါတယ်။ ထိုနည်းတူ လိုဏ်ခံဘုရားတွေမှာ ရေးဆွဲထားတဲ့ နံရံဆေးရေးတွေထဲမှာလည်း တီးမှုတ်ကခုန်ကြသူများကို ထည့်သွင်းရေးဆွဲထားတာ များစွာ တွေ့နိုင်ပါတယ်။ အဲဒီပန်းတမော့နဲ့ ပန်းချီတွေကို နောက်ခံသမိုင်းကြောင်းတွေကိုသာ သိမထားကြတဲ့ သူများတွေ့ကြရင် ဘုရားပရိနိဗ္ဗာန်စံလို့ ပျော်နေကြသယောင် အထင်မှားစေနိုင်တဲ့ အဖြစ် အပျက်လေး ဖြစ်ပါတယ်။ တကယ်တော့ မလ္လာမင်းတို့ အစီအစဉ်နဲ့ အနုပညာရှင်တွေက တေးဂီတနဲ့ ပူဇော်ခြင်းမျှသာ ဖြစ်ပါတယ်။ အဲ့ဒါကို အတုခိုးပြီး ယနေ့ခေတ်ရဟန်းသံဃာတော်များ ခန္ဓာဝန်ချရင် သဘင်ပညာရှင်တွေ ငှားရမ်းပြီး ဘုန်းကြီးပျံ့ ဧယင်ကျူးကြတာလားလို့ တွေးမိစေပါတယ်။ အခုတင်ပြထားတဲ့ ပရိနိဗ္ဗာန်စံခန်း ကြေးသွန်းဌာပနာရုပ်လေးတွေကို ကြည့်ပါ။ မြတ်ဘုရားပရိနိဗ္ဗာန်မစံမီ ရှင်အာနန္ဒာကို မှာကြားထားခဲ့တဲ့အတိုင်း အလောင်းတော်ကို ရွှေခေါင်းတလားထဲ ထည့်သွင်းထားဟန်ပါ။ ခေါင်းတလားကို အမိုးသုံးဆင့်လည်ပေါ်နှစ်ဆင့်ခံတဲ့ ဇေတဝန်အဆောင်မျိုးဖန်တီးထားတဲ့အပြင် အပေါ်ဆင့်များကို အဖုံးသဖွယ် ပြုလုပ်ထားပါတယ်။ အဖုံးကို ဖွင့်ကြည့်လိုက်ရင် လက်ယာနံတောင်းနဲ့ စောင်းလျက်ရှိနေတဲ့ မြတ်ဘုရားအလောင်းတော်လေးကို ထည့်သွင်းထားပါတယ်။ ဒါ့ကြောင့် အလောင်းတော်နဲ့ အခေါင်းတော်ကို ဖွင့်လို့ပိတ်လို့ရအောင် သေချာကို ဖန်တီးထားတာ တွေ့ရပါတယ်။ ခေါင်းတလားကိုလည်း အဖျားနှစ်ဖက်ကော့နေတဲ့ သံလျှင်းတော်နဲ့တူအောင် ပြုလုပ်ထားပြီး ပရိနိဗ္ဗာန်စံဝင်ရာ လုံ့ဗိနီအင်ကြင်းတောကိုလည်း မမေ့မလျော့စေရအောင် ခေါင်းတလားရဲ့ ထောင့်လေးထောင့်မှာ အင်ကြင်းပင်လေးတွေ ဖန်တီးထားပြန်ပါတယ်။ ပြီးတော့မှ ခေါင်းတလားရဲ့ ရှေ့နောက်ဝဲယာမှာ မင်းပရိသတ်နဲ့ ရဟန်းပရိသတ်တွေ ပူဇော်နေကြဟန် ကြေးသွန်းထားတဲ့ ရုပ်တုငယ်လေးများ စရှေးစွပ်လို့ ထည့်သွင်းဖန်တီးထားပါတယ်။ ပြထားတဲ့ ဒုတိယပုံဟာ ပန်တျာသည်တစ်ဦးဖြစ်တဲ့ ဗျပ်စောင်းပညာသည်ပုံဖြစ်ပြီး သူတီးရတဲ့ ဗျပ်စောင်းလေးကို ညာဖက်ပခုံးပေါ်ထမ်းကာ ဘယ်လက်က မျက်ရည်သုတ်လို့ ဝမ်းနည်းပက်လက် ငိုကြွေးနေဟန်ဖန်တီးထားပါတယ်။ ကံမကောင်းစွာဘဲ ဒီအရုပ်လေးရဲ့ စရှေးစွပ်တဲ့ အတက်လေးက ကျိုးနေလို့ သီးခြားရိုက်ပြထားရတာပါ။ ဒါ့ကြောင့် အခုဌာပနာရုပ်တုအစုလေးဟာ အကြောင်းအရာအနေနဲ့ အများသိပြီးသား ဗုဒ္ဓဝင်ဇာတ်ကြောင်း ဖြစ်သော်လည်း အမရပူရခေတ်က ဖန်တီးထားခဲ့တဲ့ ကျွန်တော်တို့ ဘိုးဘေး ကြေးသွန်းပညာရှင်များကတော့ စေတနာတွေ ပေါင်းလို့ ပြုလုပ်ထားလိုက်တော့ ပိုပြီးစိတ်ဝင်စားစရာ ဖြစ်လာစေပါကြောင်း။



မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်ခန်း ကြေးသွန်းဌာပနာ



ငိုကြွေးနေသော ပန်တျာသည်

**ကျမ်းညွှန်း၊ ၊ဇိနတ္ထပကာသနီကျမ်း–ကျီးသဲလေးထပ်ဆရာတော်**

**လက်တွေ့ကွင်းဆင်း လေ့လာချက်**

## ရွေးကောက်ပွဲဆိုင်ရာ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ



**မိုင်းပန် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီက လူစည်ကားရာ မြို့မဈေးရှေ့နှင့် မြို့အဝင်ဂိတ်များတွင် ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ရှမ်း၊ မြန်မာဘာသာ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် အစောင် ၅၈၀ အား ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ပြုလုပ်

**အောင်လံ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ လူငယ်များအနေဖြင့် ပညာပြည့်ဝ နှလုံးလှပြီး ဗလငါးတန်၊ ပညာမာန်ဖြင့် အနာဂတ်ပွဲကိုင်ရှင်များဖြစ်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အောင်လံမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အမှာစကား ပြောကြားရာတွင် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ် မှန်ကန်စေရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဗဟုသုတ ကြွယ်ဝဖို့ စာကြည့်တိုက်ကို သွားကြစို့ စသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**





## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို လက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖြန့်ဝေခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအကျဉ်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် လွတ်လပ်ရေးတည်ဆောက် စသည့် အကြောင်းအရာများနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ ကာတွန်းများ ပါဝင်ခဲ့ကြပြီး မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၅၆)

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပြုလုပ်

**ပုသိမ်ကြီး ဇန်နဝါရီ ၂**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီခွဲက စတင်၍ အဆိုပါ တက္ကသိုလ်ဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများအနေဖြင့် မီတာ(၄၀၀)လက်ဆင့်ကမ်းပြေးပွဲ၊ မီတာ(၁၀၀) တာတိုပြေးပွဲများအပြင် မြန်မာ့ရိုးရာ အားကစားနည်းများ ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် အာလူးကောက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ဆန်ကောရွက်နှင့် အပ်ထိုးပြိုင်ပွဲများကို ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။



ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) (ဝ၉၅)

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


## အလှဖြာဝေ မန္တလာမြေ

* ရွှေနန်းတည် မန္တလေး
သာယာရေး ဆောင်ရွက်ပါ။
အတွေးကို ရှက်လွှင့်ထား
ကြိုးစားရင်မှာ။
မန္တလေးလျှင်ဟာ
ရောက်ရှိလာ အဖော်သဟဲ။
ရတနာပုံ နန်းမြို့ရိုးတို့
ကပ်ဆိုးကြုံလည်း။

* စည်ပင်ရယ် စွမ်းဆောင်အမြဲ
ထမ်းဆောင်ခွဲ အမှန်သော်
သာယာစေ နယ်အတွင်း
သန့်ရှင်းလျက်နော်။
လမ်း တံတား ဥယျာဉ်စုံပေါ်
တို့တွေတော် မလစ်တမ်း။
ရှုခင်းတွေ ကြည့်မဝလို့
လှပမြင်ဆန်း။

* ထိန်းသိမ်းစေ အံ့မခန်း
မြို့ရွှေမန်း တည်ဖို့ကွယ်။
သက္ကရာဇ်နော် တည်တံ့ထား
တို့များအတွက်ရွယ်။
မနေမနား ကျိုးပြုတွယ်
များသူဘွယ် စိတ်ကြည်နူး။
မြို့မန္တလာ နန်းတော်ရှေ့ကို
မမေ့နိုင်ဘူး။ ။

**မြကြာဖြူ(မြစ်ငယ်)**





## မဲရုံအဖြစ်ဆောင်ရွက်မည့်နေရာများအား မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မဲရုံအဖြစ် ဆောင်ရွက်မည့်နေရာများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်း၏ လမ်းညွှန်မှုဖြင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ငန်းပြားကျေးရွာ၊ မိုးနတ်ကုန်းကျေးရွာ၊ ကန်လည်ကုန်းကျေးရွာ၊ ထူးပေါက်ကျေးရွာနှင့် လက်ပန်ငူကျေးရွာတို့တွင် မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းများအား မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများထားရှိခြင်းရှိ၊ မရှိနှင့် ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်သွယ်တန်းထားရှိမှုအခြေအနေများ၊ မဲရုံအတွင်းခန်းများ အလင်းရောင်ကောင်းစွာရရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား စစ်ဆေးအကြံပြု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**လယ်ဝေး ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ ကလေးငယ်တစ်ဦး သေဆုံးကာ သံဃာတော် တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံအကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပလွေးအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာနေ ဦးသီဟမျိုးဇော် (၃၀)နှစ် မောင်းနှင်သည့် RLG---- TOYOTA WISH မော်တော်ယာဉ်သည် မန္တလေးမှရန်ကုန်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ၄င်းအရှေ့မှ ချောက်မြို့နယ်၊ ရတနာအိုင့်ရပ်ကွက်နေ ဦးညီညီလွင် (၄၃)နှစ် မောင်းနှင်လာသည့် 'မြသရဖူ' ခရီးသည်တင်မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် TOYOTA WISH မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာနေ မောင်ရွှေပိုင်ပိုင် (၄)နှစ်တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဥူးကလျာဏ သက်တော် (၄၁)နှစ်၊ ဝါတော် (၂၁)ဝါ၊ ဦးသီဟမျိုးဇော်၊ ကိုကျော်မင်းဆွေ (၂၆)နှစ်နှင့် ဒေါ်သန္တာဌေး (၃၄)နှစ်တို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် သီဟမျိုးဇော်အား ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး


**ဟိုပုံး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၆၄ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဟွေ့လုံကျေးရွာတောင်ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၃ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ကျောင်းပေါ်ကျေးရွာ အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ငါးဧကခန့်၊ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်၊ ကာဖီကျေးရွာအနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ငါးဧကခန့်၊ ကျူးပေါ်ကျေးရွာအရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်နှင့် ဟွေ့ဆန်းကျေးရွာ အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်တို့အား လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၁ နာရီခွဲအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ဟန်တညားကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အား လည်းကောင်း။



ထို့အတူ နံနက် ၉ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပင်းတယကျေးရွာ အရှေ့ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်နှင့် ကျောင်းခုံကျေးရွာ မြောက်ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်တို့အား လည်းကောင်း။

ထို့အတူ နံနက် ၁၀ နာရီ မိနစ် ၅၀ မှ ညနေ ၅ နာရီ မိနစ် ၂၀အထိ မိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းတုံမြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စု လွယ်ချီလိတ်ကျေးရွာအနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ငါးဧကခန့် အနောက်တောင်ဘက် နှစ်မိုင်ခန့် အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ရှစ်ဧကခန့်နှင့် အရှေ့ဘက် နှစ်မိုင်ခန့် အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့်တို့အားလည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပလိပ်-စကားအင်း ကားလမ်းတွင် ယာဉ်မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့ နယ်၊ ခံလူးကျေးရွာအုပ်စု ကြေးနီကန်ကျေးရွာအနီး ပလိပ်-စကားအင်းကားလမ်း၊ မိုင်တိုင်အမှတ်(၂/၀)တွင် ခရီးသည်တင် ယာဉ်မီးလောင်ကျွမ်းမှု ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးရဲနိုင်မောင်းနှင်ပြီး ခရီးသည် ရှစ်ဦးလိုက်ပါလာသော Young Man အမျိုးအစား ယာဉ်အမှတ် 3D/--ခရီးသည်တင်ယာဉ်သည် ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာစဉ် ပလိပ်-စကားအင်း ကားလမ်းပေါ်တွင် ကားအင်ဂျင်ခန်းမှာ အပူလွန်ကဲပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက် ဦးဆောင်၍ စဉ့်ကိုင်မြို့နယ်မီးသတ်စခန်းမှ ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ပလိပ်နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေယာဉ်ဂါလန် ၁၆၀၀ဆံ့ တစ်စီး၊ တံတားဦးမြို့နယ် စကားအင်းနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခင်ကိုဦးစီး၍ မီးငြိမ်းသတ်ယာဉ်ဂါလန် ၈၀၀ ဆံ့ တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးသည် ရေဂါလန် ၃၂၀၀ အသုံးပြု၍ မီးငြိမ်းသတ်ခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် Young Man အမျိုးအစားယာဉ်အမှတ် 3D/--- ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်း ဦးရဲနိုင် (၃၄)နှစ်အား စဉ့်ကိုင်မြို့နယ်၊ ပလိပ်နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (ဝဲပုံ)

**(၀၅၇)**

## တရားမဝင်စက်သုံးဆီများနှင့် လိုင်စင်မဲ့ဆိုင်ကယ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် အမရပူရမြို့နယ် ရတနာပုံ တံတား(နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၉၀ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၂၃၅)ဧက၊ ပေ(၂၀×၅၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ဒေါ်အေးအေး(ပါ-၂)အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ၁။ဒေါ်အေးအေး(ဘ)ဦးဘသော်(၉/မနမ(နိုင်)၀၅၁၇၇၂)၊ ၂။ ဒေါ်လှလှဝင်း(ဘ)ဦးဘို(၉/မနမ(နိုင်)၀၅၀၉၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းရွှေစင်ငယ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်တွယ်တာဝင်းနိုင်(LL.B)** — **အထက်တန်းရှေ့နေ**

**EASY အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**

**၃၃လမ်း၊ လမ်း ၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၈)၊ ဦးပိုင်အမှတ်(၇၃)၊ အိမ်အမှတ်(၇၃)၊ မျက်နှာပွင့် တောင်မြောက် (၂၉)ပေ၊ အရှေ့အနောက်(၂၅)ပေ၊ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး (၂)ထပ်အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးသူရကျော်(ဘ)ဦးကျော်(၅/ကသန(နိုင်)၀၅၆၅၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းရွှေစင်ငယ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်တွယ်တာဝင်းနိုင်(LL.B)** — **အထက်တန်းရှေ့နေ**

**EASY အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**

**၃၃လမ်း၊ လမ်း ၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၁)၊ ဦးပိုင်အမှတ်(၂၈)၊မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်းအေး(ဘ)ဦးဘသွင်(၉/မနတ(နိုင်)၀၅၈၆၉၀)ကိုင်ဆောင်သူအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏(မြောက်ဘက်ခြမ်း)အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် ပေ(၃၀)အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့် ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ထွေးထွေး(ဘ)ဦးလင်ကျွန်ရ(၁/ဗမန(ပြု)၀၀၀၀၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B)  ဦးဝေဖြိုးအောင်(LL.B)  ဒေါ်မွှေးမွှေးမြတ်သွယ်(LL.B)  ဒေါ်ပွင့်ဖြူကျော်(LL.B)**

**အထက်တန်းရှေ့နေများ**

**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးကြည်မြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစံဝင်း(ဘ)ဦးရှင်(၉/မရတ(နိုင်)၀၀၉၀၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(မမ-၈)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးလှထွန်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းအောင်(ဘ)ဦးဖိုးယုံ(၉/သပက(နိုင်)၀၂၅၄၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၅၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်အစွန်ဆုံးအခြမ်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးဖိုးလန်း(ခ)ဦးဘိုးလမ်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်စွာဝင်း(ဘ)ဦးမောင်မောင်(၈/ကမန(နိုင်)၀၄၁၉၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၁)၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏(အလယ်ခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊တောင်မြောက် ပေ(၃၀)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်မြင့်(ဘ)ဦးလှအုန်း(၉/အမဇ(နိုင်)၀၂၁၄၄၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –** **ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး (LL.B)  ဦးဝေဖြိုးအောင် (LL.B)  ဒေါ်မွှေးမွှေးမြတ်သွယ် (LL.B)  ဒေါ်ပွင့်ဖြူကျော် (LL.B)**

**အထက်တန်းရှေ့နေများ**

**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၀)၊ဦးပိုင်အမှတ်(၄၅)၊ မြေကွက်ပေါ်တွင် ဒေါ်နုနုဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၉၉၀၁၄)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၂)ဦးပိုင်အမှတ်(၁၉)၊ မြေကွက်ပေါ်တွင် ဒေါ်သီရိစံ(ခ)ဆုသီရိစံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၀၀၂၂)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)ဦးပိုင်အမှတ်(၃၀)၊ မြေကွက်ပေါ်တွင် ဒေါ်ဆန်ဂီတ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၀/မလမ(နိုင်)၁၃၆၄၀၅) RC(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ " We are Strong , We are Together" ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက် မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD၊ MRTV-News၊ MRTV-NRC၊ MRTV Farmers'၊ MRTV-Entertainment၊ MRTV Parliament၊ MITV၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ UNI TV နှင့် မဟာရုပ်သံလိုင်းတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှ လည်းကောင်း၊ MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ သတင်းစဉ်




## ဖွဲကပင်တောင် အတက် / အဆင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်

ဘားအံ ဇန်နဝါရီ ၂

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဘားအံမြို့ ဖွဲကပင်တောင်ခြေအရှေ့ဘက်ခြမ်း သစ်ချကျေးရွာ တံတားဖြူ၌ စတင်တာလွှတ်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား/အမျိုးသမီး ပြိုင်ပွဲဝင် ၁၈၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ❐

## တတိယအကြိမ် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲကျင်းပပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲကို မတ်လပထမပတ် အတွင်း ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ စတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။

MNL 2 Promotion Amateur Club Tournament ကို မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတန်းတက်၊ တန်းဆင်းစနစ်အတွက် အထောက်အကူပြုစေရန်၊ ပရော်ဖက်ရှင်နယ်ကလပ်အသင်းများ ပိုမိုထွက်ပေါ်လာပြီး ပြိုင်ဆိုင်မှုပြင်းထန်လာစေရန်၊ နိုင်ငံလက်ရွေးစင်အသင်းအတွက် မျိုးဆက်သစ်ကစားသမားများ ပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်ပြီး ၂၀၂၃ ခုနှစ်မှ စတင်ကာ ကျင်းပလျက်ရှိခြင်းဖြစ်သည်။

ယခု MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲမှ ဗိုလ်လုပွဲရောက် ပထမ၊ ဒုတိယရရှိသည့် နှစ်သင်းအနေဖြင့် MNL 2 League 2026-2027 ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့် ရရှိမည်လည်းဖြစ်သည်။



သို့သော် အဆိုပါ နှစ်သင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါက FIFA နှင့် AFC တို့မှ ချမှတ်ထားသည့် Professional Club Criteria များဖြစ်သည့် FIFA Connect (National Online Registration System) နှင့် AFC Club Licensing Criteria များကို မဖြစ်မနေလိုက်နာဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

ထို့အတူ MNL League Cup ပြိုင်ပွဲနှင့် လူငယ်အမှတ်ပေး (MNL Youth League) ပြိုင်ပွဲများရှိပါက ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီနီယာကလပ်အသင်းအပြင် လူငယ်ကလပ်အသင်းတစ်သင်းကိုပါ မဖြစ်မနေထပ်မံ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် အထက်ပါ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်နိုင်သည့်အပြင် MNL 2 League 2026-2027 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့လျှင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ရေရှည်ဖွဲ့စည်းပါဝင်ယှဉ်ပြိုင်နိုင်သည့် အသင်းများကိုသာ MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်သည်။

ထို့ကြောင့် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထား၍ သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးဌာနသို့ အကြောင်းပြန်ကြားသွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

(NGB)




## ကားလိုစ်ဘယ်လ်ဘာအား ခေါ်ယူရန် မန်ယူအသင်း အလျင်အမြန်စီစဉ်

**မန်ချက်စတာ ဇန်နဝါရီ ၂**

မန်ယူအသင်းသည် လက်ရှိ ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ကားလို့စ်ဘယ်လ်ဘာအား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် အလျင်အမြန်စီစဉ်လာခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းကလည်း ကားလို့စ်ဘယ်လ်ဘာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်း၌ ဘရိုက်တန်အသင်းထံမှ ကားလို့စ်ဘယ်လ်ဘာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)